# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ အင်္ဂါနေ့၊ (12-1-2016) (၈၄၄၃)


## ငြိမ်းချမ်းရေး၏ အသီးအပွင့်များ အချိန်တိုအတွင်းခံစားကြရမည်

၂၀၁၄-၂၀၁၅ နှစ်တွေရဲ့ စစ်တမ်းတွေအရ မြန်မာနိုင်ငံရဲ့ လူဦးရေ (၁၀)ရာခိုင်နှုန်းဟာ တိုက်ပွဲဖြစ်ပွားရာဒေသတွေမှာ နေထိုင်ကြပါတယ်။ လူဦးရေ (၄၀)ရာခိုင်နှုန်းခန့်ဟာ လက်နက်ကိုင်ပဋိပက္ခရဲ့ အကျိုးသက်ရောက်မှုရှိတဲ့ဒေသတွေမှာ နေထိုင်ကြပါတယ်။ NCA လက်မှတ်ရေးထိုးလိုက်ပြီး လုပ်ငန်းစဉ်တွေကို စတင်အကောင်အထည်ဖော်တာနဲ့ ပဋိပက္ခဘေးထွက်ဆိုးကျိုးတွေခံစားနေရတဲ့ လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းဟာ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို အချိန်တိုတိုအတွင်းမှာ ခံစားကြရမှာဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ MICC – 2 တွင် ကျင်းပသည့် NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ

ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်ထိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဂုဏ်ပြုပါ၏။




ကြေးမုံစာတည်းရှထောင့် ၁၂-၁-၂၀၁၆၊ အင်္ဂါနေ့

# ငြိမ်းချမ်းသော ပန်းခင်းလမ်း

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော နိုင်ငံရေးမတည်ငြိမ်မှုများ၏ နောက်ဆက်တွဲဂယက်ဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခြင်း၏ဆိုးမွေကို တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားခဲ့ရပြီးဖြစ်သည်။ လွတ်လပ်ရေးရပြီးစကာလက ရန်ကုန်အစိုးရဟု ခေါ်ဆိုရလောက်အောင် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ခြင်းသည် အယူအဆကွဲ၊ ဝါဒကွဲ၊ ယုံကြည်ချက်ကွဲလွဲခဲ့ခြင်းတို့ကို အကြောင်းခံခဲ့သည်။ တစ်နည်းဆိုလျှင် စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းလည်းဖြစ်သည်။

အမှန်တကယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတည်းဟူသော တစ်မိုးအောက်တွင် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် နှစ်ပေါင်းထောင်ချီကာ မရှိအတူ၊ ရှိအတူ အတူတကွ အေးချမ်းသာယာစွာနေထိုင်ခဲ့ကြသည်မဟုတ်ပါလော။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့၏ တူညီသောဆန္ဒမှာ အေးအတူပူအမျှ ညီညွတ်မျှတစွာ အတူတကွနေထိုင်လိုကြခြင်းသာဖြစ်မည်။

ပြဿနာတစ်ရပ်ကို လက်နက်ကိုင်ဖြေရှင်းခြင်းသည် စက်ဆုပ်ဖွယ်ကောင်းပြီး မေတ္တာတရားဖြင့် ဖြေရှင်းခြင်းသည်သာ စိတ်နှလုံးချမ်းမြေ့ဖွယ်ကောင်းသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် စုစည်းနေထိုင်ကြရာ၌ ရေမြေသဘာဝကွဲပြားမှုနှင့် ဓလေ့ထုံးစံခြားနားမှုတို့သည် သဘာဝအခြေအနေသာဖြစ်ပြီး လူသားအားလုံး၏ တူညီသောစိတ်ဆန္ဒမှာ ငြိမ်းချမ်းရေးနှင့်မေတ္တာတရားသာဖြစ်သည်။

သို့သော် တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးနေသည်မှာ နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်သည်။ လူ့ဘဝ၏သက်တမ်းတစ်နှစ်စာမျှ မငြိမ်းချမ်းခြင်း၏ ခါးသီးသောအတွေ့အကြုံများ၊ ခံစားမှုများကို သင်ခန်းစာယူကြရတော့မည်ဖြစ်သည်။ မငြိမ်းချမ်းသော ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ အတူတကွယှဉ်တွဲနေထိုင်နိုင်ရန်အတွက် ညီညီညွတ်ညွတ် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါကောင်းလည်းဖြစ်သည်။

ခက်ခဲကြမ်းတမ်းသည့် ဆူးခင်းလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရခြင်းသည် တိုင်းရင်းသားညီအစ်ကိုအချင်းချင်းကြား သဘောထားမညီမျှမှုကြောင့် လက်နက်ကိုင်ပဋိပက္ခများ မရပ်စဲနိုင်သေးခြင်းဖြစ်သည်။ မငြိမ်းချမ်းခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည်။ လူ့ဘဝသက်တမ်းတစ်ခုမျှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ခြင်း၏အကျိုးဆက်အဖြစ် အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကွာဟစေခဲ့သည်။

နှစ်ပေါင်း ၄၀ ဝန်းကျင်ကာလက တစ်တိုင်းပြည်လုံး လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပြီး တိုင်းပြည်ပျက်စီးခဲ့ရသည့် အရှေ့တောင်အာရှမှ နိုင်ငံအချို့သည် လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းစေပြီး ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်သောကြောင့် မျက်မှောက်ကာလတွင် မိမိတို့နိုင်ငံနှင့် ရင်ပေါင်တန်းနိုင်ရုံသာမက ကျော်လွန်အောင်ပင် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။ ဤသည်ကိုလည်း သင်ခန်းစာယူသင့်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ မျှ မဖြေရှင်းနိုင်ခဲ့သော မငြိမ်းချမ်းသော ပဋိပက္ခများကို ယနေ့ဖြေရှင်းနိုင်တော့မည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို မျက်မှောက်ကာလတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်မျှအရေးပါသည်ကို သက်သေသာဓကများအဖြစ်လည်း မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ရရှိပြီးသောတည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး ကောင်းစားရေးအတွက် အားလုံးလက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်သွားရာတွင် ငြိမ်းချမ်းသော ပန်းခင်းလမ်းပေါ်၌ အတူတကွလျှောက်လှမ်းကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

## ရွှေဘိုခရိုင်အတွင်းရှိ ငါးမွေးမြူရေးကန် ၆၀၀၀ ကျော်မှ အထက်မြန်မာနိုင်ငံစားသုံးသူများအတွက် ငါးများ ဖူလုံစွာထုတ်လုပ်နိုင်

**ရွှေဘို ဇန်နဝါရီ ၁၁**

အထက်မြန်မာနိုင်ငံ၏ ငါးရှားပါးမှုကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ ငါးမွေးမြူရေးကန် ၆၀၀၀ ကျော်က အောင်အောင်မြင်မြင် ထုတ်လုပ်နိုင်ကာ ဒေသတွင်းသာမက မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတို့ပါ ပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ထံမှ သိရသည်။

“ငါးသယံဇာတတွေဟာ တစ်နှစ်ထက်တစ်နှစ် သဘာဝရာသီဥတုနဲ့ အပြင်လူတွေရဲ့ ပယောဂကြောင့် ရှားပါးလာနေတာ အခုဆိုရင် သိသာနေပါပြီ။ မြန်မာပြည်အောက်ပိုင်းအနေနဲ့လည်း အထက်ပိုင်းကို ငါးလုံလောက်အောင်မတင်ပို့နိုင်တဲ့အတွက် အထက်ပိုင်းက စားသုံးသူတွေ ငါးဟင်းနေ့တိုင်းစားဖို့ ခက်ခဲနေပါတယ်။ အဲဒါကို ငါးမွေးမြူရေးကန် ၆၀၀၀ လောက်ရှိတဲ့ ရွှေဘိုငါးမွေးကန်တွေက စစ်ကိုင်းတိုင်းအထက်ပိုင်းက စားသုံးသူတွေအတွက် လုံလောက်အောင် တင်ပို့နိုင်တာတွေ့ရပါတယ်။

ရွှေဘိုဝန်းကျင်မှာ ငါးကန် ၆၀၀၀ အပြင် ခေတ်မီငါးအစာစပ်စက်ရုံတွေ၊ ငါးသားပေါက်စခန်းတွေရှိနေတဲ့အတွက် ငါးကို အကောင်လိုက် လတ်လတ်ဆတ်ဆတ်အပြင် အမျိုးမျိုးပြုပြင်ထုတ်လုပ်နေကြတာဟာ အထက်မြန်မာပြည်စားသုံးသူတွေအတွက် အများကြီး အထောက်အကူပြုစေပါတယ်”ဟု ဦးဝင်းကြိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က ၂၀၁၄-၂၀၁၅ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ရှိ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များရှိ ငါးမွေးမြူရေးလုပ်ငန်းရှင် အသင်းဝင်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးမွေးမြူနိုင်မည့်နေရာများကို ရှာဖွေ၍ မွေးမြူရေးကန်များကို စနစ်တကျတူးဖော်ကာ ငါးများကို တိုးချဲ့မွေးမြူရန် စီစဉ်နေသလို စစ်ကိုင်းတိုင်းဒေသကြီး ငါးမွေးမြူရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ပူးပေါင်းကာ အင်းလေလံများ ပြည့်မီစွာရရှိရေး၊ လုပ်ငန်းလည်ပတ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ငါးသယံဇာတမပြုန်းတီးရေးအတွက် ငါးမျိုးများစိုက်ထည့်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်အောင်ထံမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်(ရွှေဈေး) - ၇၅၄၅၀၀ - ၇၅၄၀၀၀၊ မန္တလေး(ရွှေဈေး) ၇၅၄၅၀၀ - ၇၅၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၅၇၀/၆၁၀ ကျပ်၊ | ၆၃၀/၆၆၀ ကျပ် |
| (ခ) | အောက်တိန်း *95* | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၈၂၀/၉၀၀ ကျပ် |
| (ဂ) | အောက်တိန်း *92* | တစ်လီတာ | ၆၁၀/၆၃၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၅၅ ကျပ်၊ အောက်တိန်း *92* တစ်လီတာ ၅၂၀ ကျပ်

**၄-၁-၂၀၁၆ ရက်နေ့မှ ၈-၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၂၈ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၂၀ ကျပ် ဖြစ်ပါသည်။**

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၁. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၀၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၇၃၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၂၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၁၀. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၄၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၂. ၆၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၀. ၈၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ဟောပြောပွဲကျင်းပမည်

**ပျဉ်းမနား ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၏ ဒသမအကြိမ် သက်ပြည့်အငြိမ်းစား ဆရာကန်တော့ပွဲနှင့် ၁၉၉၅-၁၉၉၆ ကျောင်းသား ကျောင်းသူဟောင်းများ၏ ကျောင်းဆင်းနှစ်(၂၀)ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက် ည ၇ နာရီတွင် စိုက်ပျိုးရေးသိပ္ပံကျောင်း ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်သာချို(ဂျက်-ကွမ်းခြံကုန်း)၊ ဆရာအော်ပီကျယ်(ကာတွန်း-အော်ပီကျယ်)၊ ဆရာဇင်ယော်နီတို့က ဟောပြောမည်ဖြစ်ကြောင်းနှင့် စာပေဟောပြောပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာပေဝါသနာရှင်များ လာရောက်နားဆင်နိုင်ကြရန် မြို့နယ်များတွင် ဗီနိုင်းပိုစတာများဖြင့် ကြေညာထားကြောင်း သိရသည်။ **ကိုကိုရူပ(မန်းတက္ကသိုလ်)**

## မြန်မာ့ဆံရစ်ဝိုင်းများကို အညာဒေသတွင် ယနေ့တိုင်မြင်တွေ့နေရ

**နွားထိုးကြီး ဇန်နဝါရီ ၁၁**

မြန်မာ့ယဉ်ကျေးမှုနှင့် အညာဓလေ့ကို ယခုထိ အညာဒေသကျေးရွာများ၌ တွေ့နေရဆဲဖြစ်ရာ မြန်မာအများစုနေထိုင်သော မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် မြန်မာ့ဆံရစ်ဝိုင်းများကိုတွေ့နေရ၍ အညာသူတို့ ဂုဏ်ယူနေကြသည်။

နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းရွာတွင် ဆံကေသာကို ထိန်းသိမ်းထားသော ဆံရစ်ဝိုင်းအမျိုးသမီးငယ် ၆၀ ကျော် တွေ့နေရသည်။ ယနေ့ မြန်မာမိန်းကလေးအများစု၏ ဆံပင်များသည် ဗျူတီပါလာ၊ အမျိုးသမီးသီးသန့်အလှပြုပြင်ရေး၏ ဈေးကွက်ဝင်များဖြစ်နေပြီး တူးစတပ်၊ ဖိုးစတပ် စသည်ဖြင့် တရုတ်စတိုင်၊ ကိုရီးယားစတိုင်ဖြင့် ဆံပင်တိုတိုဖြင့် ရိုးရာအမွေကို ဖျက်နေသည့်ကြားမှ မြန်မာမှုစရိုက်တွေ့ရ၍ ဝမ်းသာနေရသည်။

ဆံရစ်ဝိုင်း၊ အုပ်လုံးသိမ်းစသည်ဖြင့် အပျိုဖော်ဝင်မှ အိမ်ထောင်ကျသည်ထိ ဆံရစ်ဝိုင်းတို့ကိုတွေ့ရ၍ ခံစပ်ကုန်းရွာမှာ နာမည်ကြီးသည်။ အထူးသဖြင့် ဓာတ်ပုံဆရာများ အလှဓာတ်ပုံရိုက်ရာတွင် နှစ်သက်သောနေရာတစ်ခုဖြစ်နေသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဘားအံမြို့မှ မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ မုဆိုးတောင်သို့ရောက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား သွားရောက်ဖူးမြော်ရာ ဒေသခံပြည်သူများနှင့် တိုင်းရင်းသား တိုင်းရင်းသူလေးများက ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာနှင့် ရွှေသက်န်းတို့ကို ဆက်ကပ်လှူဒါန်းကာ ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ရောက်ရှိစဉ် နိုင်ငံတော်သမ္မတသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များအား တွေ့ဆုံပြီး ကျိုက်ထီးရိုးစေတီတော် ရင်ပြင်ပေါ်တွင် နောက်ထပ်ဟိုတယ်များ၊ တည်းခိုခန်းများ၊ ဈေးဆိုင်များ၊ လူနေအိမ်များ တိုးချဲ့ဆောက်လုပ်ခြင်းမပြုရန်၊ သဘာဝဘေးဒဏ်ကြောင့် မြေပြိုမှုများ မဖြစ်စေရေးအတွက် အဆောက်အအုံများ၏ ကြံ့ခိုင်မှုများကို စစ်ဆေးရန်၊ မြေထိန်းနံရံများတည်ဆောက်သင့်က တည်ဆောက်ရန်၊ ကင်မွန်းစခန်းပတ်ဝန်းကျင်တွင် ဟိုတယ်များ၊ တည်းခိုခန်းများ၊ အခမဲ့တည်းခိုနိုင်သည့် ဇရပ်များဆောက်လုပ်ပေးပြီး ဘုရားဖူးခရီးသည်များ ရင်ပြင်ပေါ်တွင် အိပ်စက်ရန်မလိုဘဲ အေးချမ်းစွာ ဘုရားဖူးနိုင်အောင် စီစဉ်ပေးရန်၊ ကျိုက်ထီးရိုးစေတီတော် ရင်ပြင်ပေါ်ရှိ ဟိုတယ်များ၊ တည်းခိုခန်းများ၊ ဈေးဆိုင်များ သန့်ရှင်းသပ်ရပ်ရေး၊ ဝန်ဆောင်မှု ကောင်းမွန်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊ ဘုရားဖူးခရီးသည် များပြားသည်နှင့်အမျှ အညစ်အကြေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ရန်၊ ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်ဝန်းကျင်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက် ပြည်နယ်အစိုးရနှင့် ဂေါပကအဖွဲ့တို့ ပူးပေါင်းပြီး အဖွဲ့ဖွဲ့စည်းဆောင်ရွက်ရန်၊ စိတ်ပါဝင်စားပြီး ကူညီလိုသည့် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန်၊ ဂေါပကအဖွဲ့ရန်ပုံငွေများကို စနစ်တကျ စိစစ်သုံးစွဲရန်နှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ကျိုက်ထီးရိုးပတ်ဝန်းကျင်ရှိ သစ်တောများကို စနစ်တကျထိန်းသိမ်းထားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသော ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(ဓာတ်ပုံ-YHT)

◆ ကျိုက်ထီးရိုးစေတီတော် ရင်ပြင်ပေါ်တွင် နောက်ထပ်ဟိုတယ်များ၊ တည်းခိုခန်းများ၊ ဈေးဆိုင်များ၊ လူနေအိမ်များ တိုးချဲ့ဆောက်လုပ်ခြင်းမပြုရန်။

◆ ကျိုက်ထီးရိုးစေတီတော် ရင်ပြင်ပေါ်ရှိ ဟိုတယ်များ၊ တည်းခိုခန်းများ၊ ဈေးဆိုင်များ သန့်ရှင်းသပ်ရပ်ရေး၊ ဝန်ဆောင်မှုကောင်းမွန်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်။


## သတိပေးကြေညာချက်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission of Myanmar-SECM) သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့်အညီ ရန်ကုန်စတော့အိတ်ချိန်းကို ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး အစုရှယ်ယာများ ရောင်းဝယ်ရာတွင် ကြားခံအဖြစ် ဆောင်ရွက်ပေးမည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(Securities Company) များကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စိစစ်ခွင့်ပြုလျက် ရှိပါသည်။

မကြာမီကာလတွင် အများပြည်သူများအနေဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို ကြားခံ၍ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Listed Company)များ၏ အစုရှယ်ယာများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ အရောင်းအဝယ်ပြုလုပ်နိုင်တော့မည် ဖြစ်ပါသည်။

ယင်းကဲ့သို့ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ကြားကာလကို အခွင့်ကောင်းယူ၍အချို့သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် ပုံနှိပ်မီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာ (Facebook)တို့မှတစ်ဆင့် အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းဖိတ်ခေါ်ရောင်းချခြင်း၊ ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange-YSX) အမည်ဖြင့် လူမှုကွန်ရက်စာမျက်နှာ ဖွင့်လှစ်၍ တရားဝင်စာမျက်နှာ (Official Page) သဖွယ်ဆောင်ရွက်နေခြင်းများကို တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်မီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာ (Facebook)တို့မှတစ်ဆင့် အများပြည်သူသို့ အစုရှယ်ယာများတရားမဝင်ကမ်းလှမ်းရောင်းချနေခြင်းနှင့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange-YSX) အမည်ဖြင့် လူမှုကွန်ရက်စာမျက်နှာဖွင့်လှစ်၍ တရားဝင်စာမျက်နှာ (Official Page) သဖွယ် ဆောင်ရွက်နေခြင်းများကို ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission of Myanmar-SECM) အနေဖြင့် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် ပါဝင်ဆောင်ရွက်မှုများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**
**Securities and Exchange Commission of Myanmar (SECM)**
**အမှတ် (၂၀-၂၅) ဆူးလေဘုရားလမ်း၊**
**မြန်မာ့စီးပွားရေးဘဏ်တိုင်းဒေသကြီးရုံးဒုတိယထပ်၊ ရန်ကုန်မြို့**
**ဖုန်း ၀၁-၃၇၀၁၀၀၊ Fax ၀၁-၃၇၀၁၀၀၊**
**Email: secm.myanmar@gmail.com**
**Website: www.secm.gov.mm**


## မဲဇလီရေထိန်းတံခါး(၂) တည်ဆောက်မှု ကြည့်ရှု

**ညောင်တုန်း ဇန်နဝါရီ ၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့နယ် မဲဇလီ(ဒလ)ကျေးရွာရှိ မဲဇလီရေထိန်းတံခါး (၂) တည်ဆောက်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညောင်တုန်းမြို့ မြို့ပတ်စည်ပင်တာ တည်ဆောက်ရေးအဖွဲ့(၉)မှ တာပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကမ်းအိကမ်းလျှောလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလမတိုင်မီ အချိန်မီပြန်လည်ပြုပြင်ရန်၊ ဒီဇိုင်းပုံစံအမြန်ဆုံးရရှိရေး ဆောင်ရွက်ကြရန်နှင့် မြို့နေပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိစေရန်အတွက် သက်ဆိုင်ရာအင်ဂျင်နီယာများနှင့် တိုင်ပင်၍အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် (၁၉)လမ်းကမ်းနားနှင့် (၂၅)လမ်းကမ်းနားတို့ကို ကြည့်ရှုစစ်ဆေးရာ မြစ်ကမ်းရေကြောင်းတိုက်စားမှု သက်သာစေရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

ဥတုရာသီ တောကိုမှီ၏

# နိုင်ငံတကာ အားကစားပြိုင်ပွဲနှစ်ခု ကျင်းပရေး အင်ဒိုနီးရှား ကြိုတင်ပြင်ဆင်မှုလုပ်ငန်း အရှိန်မြှင့်

**ဂျကာတာ ဇန်နဝါရီ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၇ခုနှစ် မော်တော်ဂျီပီ ဂရင်းပရီ မော်တော်ဆိုင်ကယ်ပြိုင်ပွဲတို့ကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် သမ္မတ ဂျိုကိုဝီဒိုဒိုက ဇန်နဝါရီ ၁၁ ရက်တွင် ညွှန်ကြားလိုက်သည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲနှစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်နှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် သမ္မတ ဝီဒိုဒိုက ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၇ ခုနှစ် ဂရင်းပရီ မော်တော်ဆိုင်ကယ်ပြိုင်ပွဲတို့ ကျင်းပမည့် အားကစားရုံများ၊ အားကစားကွင်းများနှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်မှုများ အားလုံး ယခုနှစ်အတွင်း လုံးဝပြီးစီးရန် သမ္မတ ဝီဒိုဒိုက မျှော်မှန်းထားသည်။

သမ္မတ ဝီဒိုဒိုသည် နိုင်ငံတကာ အားကစားပြိုင်ပွဲကျင်းပရေး အထောက်အကူပြုနေရာဌာနများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပုံမှန်အားဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲ ကျင်းပရန် ခြောက်နှစ်ကြာမျှ အချိန်ယူပြင်ဆင်လေ့ရှိကြသော်လည်း အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်မှုကာလကို လေးနှစ်ခန့်သာ ယူထားသည်။

အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံအား ရွေးချယ်ခဲ့သည်။ **ဆင်ဟွာ။**



# အာရပ်အဖွဲ့ချုပ်က အီရန်နိုင်ငံကို ရှုတ်ချ

**ကိုင်ရို ဇန်နဝါရီ ၁၁**

အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက အီရန်နိုင်ငံသည် အာရပ်နိုင်ငံများ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ပြီး ဂိုဏ်းဂဏကွဲပြားမှုဖြစ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် လှုံ့ဆော်နေခြင်းဖြစ်ကြောင်း စွပ်စွဲကာ ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

ရှီးယိုက်ဘာသာရေးခေါင်းဆောင်တစ်ဦးကို ဆော်ဒီအာရေဗျနိုင်ငံက ကွပ်မျက်သည့်အတွက် အီရန်နိုင်ငံရှိ ဆော်ဒီသံရုံးတိုက်ခိုက်ခံရပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံက အီရန်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှုဖြတ်တောက်ခဲ့သည်။

အာရပ်အဖွဲ့ချုပ်နိုင်ငံများ၏အရေးပေါ် အစည်းအဝေးကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်တွင် ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး အဒယ် အယ် ဂျူဘီယာ က အီရန်နိုင်ငံသည် ၎င်းတို့၏ သံတမန်ရေးမစ်ရှင်တွင် ကျရှုံးခဲ့ရသည်ဟု အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံများသို့ ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏တောင်းဆိုမှုကြောင့် အစည်းအဝေးအပြီးတွင် အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများက အီရန်နိုင်ငံသည် ဆီးရီးယားနှင့် ယီမင်တို့၏ ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်ပြီး ဂိုဏ်းဂဏကွဲအောင် လှုံ့ဆော်နေသည်ဟု စွပ်စွဲသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အာရပ်အဖွဲ့ချုပ်က ယင်းကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့လည်း တင်ပြသွားမည်ဟု ဆိုသည်။ အီရန်ကျောထောက်နောက်ခံ ဟစ်ဇ်ဘိုလာအများစု လွှမ်းမိုးသည့် လက်ဘနွန်နိုင်ငံက အာရပ်အဖွဲ့ချုပ်၏ ကြေညာချက်ကို ကန့်ကွက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



## ရာမာဒီမြို့အနီး အိုင်အက်စ်စစ်သွေးကြွများကို အီရတ်တပ်ဖွဲ့ ချေမှုန်း

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၁**

အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် ရာမာဒီမြို့ကြီး အနီးအပါးရှိ နယ်မြေဒေသများကို ရှင်းလင်းနိုင်ရန် ကြိုးပမ်းနေပြီး အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်) စစ်သွေးကြွများကို ဆက်လက်ချေမှုန်း တိုက်ခိုက်နေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်၏ မြို့တော်ရာမာဒီအနီးတွင် ဇန်နဝါရီ ၁၀ ရက် နံနက်က တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ အီရတ် လုံခြုံရေးတပ်ဖွဲ့များသည် မဟာမိတ်ပြုထားသော ဆွန်နီမျိုးနွယ် တိုင်းရင်းသားတိုက်ခိုက်ရေးသမားများနှင့်အတူ စစ်သွေးကြွများကို ချေမှုန်းလျက်ရှိသည်။ ရာမာဒီမြို့သည် အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် အနောက်ဘက် ၁၁၀ ကီလိုမီတာအကွာတွင် တည်ရှိသည်။ **ဆင်ဟွာ။**

# ဓာတ်ရောင်ခြည်သင့်ရောက်ခံရမှု ရှိ၊ မရှိ နယ်စပ်ဒေသ၌ တရုတ်နိုင်ငံစောင့်ကြည့်

**ပေကျင်း ဇန်နဝါရီ ၁၁**

မြောက်ကိုရီးယားနိုင်ငံက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် စတုတ္ထအကြိမ် ဗျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် နယ်စပ်ဒေသတစ်လျှောက်၌ နေထိုင်သူ လူ ၅၀၀ ကျော်ကို ဓာတ်ရောင်ခြည်ဘေးအန္တရာယ် သင့်ရောက်ခံရခြင်း ရှိ၊ မရှိ ၂၄ နာရီမပြတ် လေ့လာစောင့်ကြည့်နေကြောင်း တရုတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဇန်နဝါရီ ၆ ရက်က မြောက်ကိုရီးယား၏ ဗျူကလီးယားစမ်းသပ်မှုကြောင့် ယင်းနိုင်ငံ၏ မဟာမိတ် တရုတ်နိုင်ငံကရော၊ အမေရိကန်ပြည်ထောင်စုကပါ ဝေဖန်ပြောကြားခဲ့ကြသည်။ မြောက်ကိုရီးယားသည် ယင်းစမ်းသပ်မှုပြုလုပ်ခြင်းမရှိမီ တရုတ်နိုင်ငံအား ကြိုတင်အသိပေးခဲ့ခြင်းမရှိဟုဆိုသည်။

မြောက်ကိုရီးယားနိုင်ငံက ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ဖောက်ခွဲခဲ့သည်ဆိုသော ပြောဆိုချက်နှင့်ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့နှင့် လက်နက်ပါရဂူများက ဆန်းစစ်လေ့လာလျက်ရှိကြသည်။

ဗျူကလီးယားစမ်းသပ်မှုကြောင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ် တွေ့ကြုံခံစားရခြင်းမှ ဒေသခံပြည်သူ ၅၀၀ ကျော်တို့အား ကင်းဝေးစေရန် တရုတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အချိန်မလပ်လေ့လာစောင့်ကြည့်နေကြောင်း၊ သို့ရာတွင် ယခု အချိန်အထိ ဓာတ်ရောင်ခြည်သင့်ခံရသည့် ထူးခြားဖြစ်စဉ် မတွေ့ရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ဓာတ်ရောင်ခြည် တိုင်းတာရေး စခန်း ၃၇ ခု၊ ရွှေ့ပြောင်းနိုင်သော တိုင်းတာရေးစခန်း ၁၄ ခု အသုံးပြုကာ လေ့လာစောင့်ကြည့်လျက်ရှိသည်။ နယ်စပ်ရှိ လမ်းတစ်လမ်းအတိုင်း ဓာတ်ရောင်ခြည်တိုင်းတာရေး မော်တော်ယာဉ်တစ်စီး မောင်းနှင်သွားပုံကို ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။

**ရိုက်တာ။**

■




# အိန္ဒိယသမုဒ္ဒရာအတွင်း ကြီးမားသောစစ်ရေးလေ့ကျင့်မှုများ အီရန်ရေတပ် ပြုလုပ်မည်

**တီဟီရန် ဇန်နဝါရီ ၁၁**

အီရန်နိုင်ငံက လာမည့်ရက်များအတွင်း အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းရှိ နယ်မြေများ၌ ကြီးမားသော ရေတပ်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်ရေတပ်မှ အကြီးတန်းတပ်မှူးတစ်ဦးက ပြောကြားသည်။

အမည်ဝှက် “Velayat 94” ဟုပေးထားသည့် အဆိုပါစစ်ရေးလေ့ကျင့်မှုများကို ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အီရန်ရေတပ်တပ်မှူး ဗိုလ်ချုပ် ဂိုလမ်ရီဇာခါဒမ်ဘီဂမ်၏ ပြောကြားချက်ကို ကိုးကား၍ Tasnim သတင်းဌာနက ပြောကြားသည်။ စစ်ရေးလေ့ကျင့်မှုမှာ အီရန်ရေတပ်၏စွမ်းပကားများနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများကို တန်ဖိုးချင့်တွက်ရန်နှင့် စမ်းသပ်ရန် ရည်ရွယ်ကြောင်း ခါဒမ်ဘီဂမ်ကဆိုသည်။ “နိုင်ငံတကာရေပိုင်နက်နဲ့ ပင်လယ်ပြင်တွေမှာ အီရန်ရေတပ်တာဝန်ချထားမှုနဲ့ ရေတပ်လေ့ကျင့်ရေးအမျိုးမျိုးပြုလုပ်မှုက အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံရဲ့ အမြင့်ဆုံးကြိုတင်ပြင်ဆင်မှုနဲ့ ဩဇာအာဏာကို ညွှန်ပြနေပြီး ဒါဟာ အရေးပါတဲ့ ဟန့်တားမှုမဟာဗျူဟာတစ်ရပ်ပါ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အတိတ်ကာလတွင် အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြား၊ အိုမန်ပင်လယ်၊ အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်း၊ အေဒင်ပင်လယ်ကွေ့နှင့် ဘတ်ဘ်-အယ်လ်-မန်ဒက်ဘ်ရေလက်ကြားအတွင်း ရေတပ်စစ်ရေးလေ့ကျင့်မှုအမြောက်အမြား ပြုလုပ်ခဲ့သည်။ အီရန်နိုင်ငံက ဒုံးကျည်အမျိုးမျိုး၊ ကင်းထောက်လှမ်းရေးနှင့်တိုက်ခိုက်ရေးမောင်းသူမဲ့လေယာဉ်များအပြင် တော်ပီဒိုများကိုလည်း စမ်းသပ်လေ့ရှိသည်။ **ဆင်ဟွာ။**

# မြန်မာ-ဗြိတိန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဗြိတိန်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂျွန်နီကိုလက်စ်ရေနော့ဒ်စ် ဟော့တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-ဗြိတိန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ ဦးတင်ဦးလွင်တို့ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**





# မြောက်ဖျားဆီမှ မဟာဓာတ်အားလိုင်းသို့ လျှပ်စစ်ဓာတ်အားလိုင်းများသွယ်တန်းမည်

**နေပြည်တော် ဇန်နန်ဝါရီ ၁၁**

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံးတွင်တည်ရှိပြီး မြန်မာနိုင်ငံ တောင်ဘက်သို့ စီးဆင်းသော မြစ်ချောင်းများ၏ မြစ်ဖျားခံရာ တောင်ကုန်းတောင်တန်းများနှင့် တစ်နှစ်ပတ်လုံးအေးခဲသော ရေခဲတောင်များ၊ သဘာဝအလှတရားများဖြင့် လှပဝေဆာနေသော ပြည်နယ်တစ်ခုဖြစ်သည်။ ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၃၄၃၈၂ မိုင်ရှိပြီး ခရိုင်(၄)ခု၊ မြို့နယ်/မြို့နယ်ခွဲ(၃၂)ခုဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်သည်။ ကချင်ပြည်နယ်တွင် ယခင်က လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဒီဇယ်အင်ဂျင်များဖြင့်သာ ဓာတ်အားပေးခဲ့ရသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အား အလွယ်တကူရရှိရေးအတွက် မြေခံ၊ ရေခံကောင်းသော ကချင်ပြည်နယ်အတွက် ရေအားလျှပ်စစ်လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများစွာ တွေ့ရှိရပေသည်။

ကချင်ပြည်နယ် ပထမဆုံးသော ရေအားလျှပ်စစ်ကို ၁၉၈၇ ခုနှစ် မတ်လ ၃ ရက်တွင် နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံမှ စက်တပ်ဆင်အင်အား (၁၀၀) ကီလိုဝပ် နှစ်လုံးဖြင့် ပူတာအိုမြို့သို့ စတင်ဓာတ်အားပေးခဲ့သည်။

ထို့နောက် ဟိုပင်မြို့နယ်ခွဲရှိ ဂလိုင်ချောင်းရေအားလျှပ်စစ်စက်ရုံမှ သုည ဒသမ ၃၆ မဂ္ဂါဝပ် နှစ်လုံးဖြင့် ၁၉၉၁ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် မိုးညှင်း၊ ဟိုပင်နှင့် နမ္မားမြို့များသို့ ဓာတ်အားဖြန့်ဖြူးနိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ၁ ဒသမ ၂၅ မဂ္ဂါဝပ် လေးလုံးတပ်သည့် မိုးကောင်းမြို့နယ်ရှိ နမ့်ခမ်းရေအားလျှပ်စစ်စက်ရုံမှလည်းကောင်း၊ ၂၀၀၇ ခုနှစ် မတ် ၂၃ ရက်တွင် ၃ ဒသမ ၅ မဂ္ဂါဝပ် သုံးလုံး တပ်ဆင်သည့် ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းပိုင် မလိခရေအားလျှပ်စစ်စက်ရုံမှလည်းကောင်း၊ ထို့အပြင် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် စက်တပ်အင်အား (၆၀)မဂ္ဂါဝပ် လေးလုံးဖြင့် တာပိန်ရေအားလျှပ်စစ်စက်ရုံမှလည်းကောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာတွင် စက်တပ်အင်အား ၃၃ ဒသမ ၃ မဂ္ဂါဝပ် သုံးလုံးဖြင့် ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံမှလည်းကောင်း လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်နိုင်ခဲ့သည်။

အဆိုပါ ကချင်ပြည်နယ်အတွင်းရှိ ချီဖွေငယ်နှင့် တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိလာသော ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ပြီး ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်မြို့သစ်၊ ဒေါ့ဖုန်းယန်ဒေသစသည့် ကချင်ပြည်နယ်တစ်ခုလုံးသာမက စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ ရွှေဘိုဒေသပတ်ဝန်းကျင်များသို့ ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာမည့် ဓာတ်အားများကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးသွားမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားများကို မြန်မာ့ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ဓာတ်အားလိုင်း တည်ဆောက်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Central China Power Grid Internation Economic and Trade Co.Ltd and Union Resources & Engineering Co.Ltd တို့အကြား စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၅ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

လက်မှတ်ရေးထိုးခဲ့သည့် လုပ်ငန်းများမှာ တာပိန်(၁) ဓာတ်အားပေးစက်ရုံတွင်ရှိသော (၂၄၀)မဂ္ဂါဝပ် ဓာတ်အားများကို ဗန်းမော်မှ နဘားခွဲရုံ၊ ၎င်းမှတစ်ဆင့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ရွှေဘို၊ အုန်းတော၊ မုံရွာတစ်ဝိုက်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ရန်အတွက် (၂၃၀)ကေဗွီ ဗန်းမော်-နဘား-ရွှေဘို-အုန်းတော ဓာတ်အားလိုင်း ၂၅၅ မိုင် တည်ဆောက်ခြင်း၊ နဘားခွဲရုံ၊ ရွှေဘိုဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများကို Turnkey စနစ်အပ်နှံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဗန်းမော်-နဘားဓာတ်အားလိုင်း ၇၅ မိုင်တည်ဆောက်ခြင်းအတွက် (၂)နှစ်ခန့် နဘား-ရွှေဘို-အုန်းတောဓာတ်အားလိုင်း မိုင် ၁၈၀ တည်ဆောက်ခြင်း (၂)နှစ်ခန့်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ကြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လွင်နှင့် (CCPG) မှ President Mr. Yuna Xizhong၊ (UREC) မှ President Mr. Guan Yuhum တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများသို့ ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် ရွေးကောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များအား အထူးလေ့လာသူများအဖြစ် ဖိတ်ကြားထားရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးများအပြင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၈ နှင့်အညီ နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် ရွေးကောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်အချို့အား အထူးလေ့လာသူများအဖြစ် တက်ရောက်ရန် ဖိတ်ကြားထားရှိသည်။

ထိုသို့ ဖိတ်ကြားထားမှုမှာ ရှမ်းပြည်နယ်မှ ၁၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ခြောက်ဦး၊ ရခိုင်ပြည်နယ်မှ ခြောက်ဦး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ငါးဦးစီဖြင့် စုစုပေါင်း ၈၀ ဖြစ်ပြီး နေပြည်တော်စည်ပင်ဧည့်ရိပ်သာ အမှတ်(၂)၌ တည်းခိုနေထိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် တက်ရောက်မည့် အမည်စာရင်းကို သက်ဆိုင်ရာသို့ တောင်းခံထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# အသက်(၉၀)အထက် အဘိုးအဘွားများအားထောက်ပံ့

**ဟားခါး ဇန်နဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် အသက်(၉၀)အထက် အဘိုးအဘွားများအား ထောက်ပံ့ငွေများကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ဟားခါးမြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှနှင့် အဖွဲ့ဝင်များက အဘိုးအဘွားများထံ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြသည်။

၎င်းထောက်ပံ့ငွေများကို အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၂၂၅၀၀ နှုန်းဖြင့် ဟားခါးမြို့နယ်ရှိ အသက် (၉၀) အထက် အဘိုးအဘွား ရှစ်ဦးတို့အား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဂွကမ်းခြေတွင် ဝေလငါးဟု ယူဆရသော ငါးကြီးအသေတစ်ကောင် သောင်တင်

**သံတွဲ ဇန်နဝါရီ ၁၁**

ငါးကြီးအသေတစ်ကောင် သံတွဲခရိုင် ဂွမြို့နယ် လောင်ကျိုးကျေးရွာ ကမ်းခြေတွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခန့်က သောင်တင်နေကြောင်း သိရှိရသည်။

ထို့နေရာသို့ ဂွမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးရာ ငါးကြီးအသေကောင်မှာ ပုပ်ပွနေပြီး အလျား ၃၃ ပေ၊ လုံးပတ် ၁၆ ပေရှိပြီး ဝေလငါးဟု ယူဆရကြောင်းနှင့် အရိုးအား ငါးလုပ်ငန်းဦးစီးဌာနမှ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း သိရသည်။ **ကိုကိုဝင်း(ပြန်/ဆက်)**



# မြို့ပြနှင့်ကျေးလက်နေပြည်သူများအား မိုဘိုင်းဘဏ်စနစ်ဖြင့် ဝန်ဆောင်မှုပေးမည့် ရွှေပုဂ္ဂလိကဘဏ် တစ်နှစ်လျှင် ဘဏ်ခွဲငါးဘဏ်နှုန်း တိုးချဲ့ဖွင့်လှစ်သွားမည်



**ရန်ကုန် ဇန်နဝါရီ ၁၁**

မြို့ပြနှင့် ကျေးလက်နေပြည်သူများအကြား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် မိုဘိုင်းဘဏ်စနစ်ဖြင့် ဝန်ဆောင်မှုပေးမည့် ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်ကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ပြီး တစ်နှစ်လျှင် ဘဏ်ခွဲ ငါးဘဏ်နှုန်းဖြင့် ငါးနှစ်အတွင်း ဘဏ်ခွဲ ၂၅ ဘဏ် တိုးချဲ့ဖွင့်လှစ် ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။

အသစ်ဖွင့်လှစ်လိုက်သော ရွှေဘဏ်သည် လက်ရှိဘဏ်လုပ်ငန်းနယ်ပယ်တွင် မြို့ပြနှင့်ကျေးလက်နေပြည်သူများကို မိုဘိုင်းဖုန်းဖြင့် ဘဏ်ကဲ့သို့ ဘဏ်၏ ဝန်ဆောင်မှုများထဲမှ အချို့ကို ကိုယ်စားလှယ် (Agent) များမှတစ်ဆင့် စရိတ်သက်သာစွာဖြင့် Cash In/ Cash Out/ Cash Transfer ဆောင်ရွက်ပေးမည်ဟု သိရပြီး Mobile Money/ Banking စနစ်ဖြင့် အဓိကထားဝန်ဆောင်မှုပေးသွားမည်ဖြစ်ရာ လာမည့် ငါးနှစ်အတွင်း နိုင်ငံတစ်ဝန်းကိုယ်စားလှယ် (Mega Agent) ၃၂၆ ဦးဖြင့် ဆောင်ရွက်ပေးသွားရန် စီမံလျာထားကြောင်း သိရသည်။

"ကျွန်တော်တို့ နိုင်ငံမှာ အများစုက ကျေးလက်မှာနေထိုင်ပါတယ်။ အခု ကျွန်တော်တို့ နိုင်ငံမှာ မိုဘိုင်းဖုန်းသုံးစွဲမှုက အတော်များလာပါပြီ။ အင်တာနက်သုံးစွဲမှုလည်း များလာပါပြီ။ ကျွန်တော်တို့ ဘဏ်မှာ Data center ကို သေချာဆောက်ထားပါတယ်။ ရည်ရွယ်ချက်က Mobile Phone Banking ပါ၊ Agency Banking ပါ။ ကျေးလက်ဒေသပါ ဘဏ်လုပ်ငန်းစနစ်ထဲဝင်အောင် စနစ်တကျ ဆောင်ရွက်ထားတာပါ။ အဓိက ရည်ရွယ်ချက်က ကျေးလက်ပြည်သူတွေအတွက်ကို ဘဏ်လုပ်ငန်းနဲ့ အကျိုးပြုမယ်။ အကျိုးပြုတဲ့အခါမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ပေါ့။ ၂၀၁၅ မှာ ကျွန်တော်တို့ မချိတ်နိုင်ဘူး။ ၂၀၁၈ အထိ Extension ပေးထားပါတယ်။ ဒီလို ၂၀၁၈ မတိုင်ခင်မှာ ကျွန်တော်တို့ နိုင်ငံက ပြည်သူပြည်သားအားလုံး အာဆီယံအဆင့် ဘဏ်ဝန်ဆောင်မှုရအောင် ကျွန်တော်တို့ဘဏ်က လုပ်ပေးဖို့ စီမံကိန်းတွေချထားပါတယ်။ အခုဆိုရင် ငွေတွေအများကြီး ကိုင်ကြရတယ်။ ဘဏ်ကိုလာလည်း ငွေထုပ်ကြီးတွေနဲ့ လာရတယ်။ ဒါကို ကျွန်တော်တို့က ကတ်နဲ့ပါ။ ကျွန်တော်တို့ဘဏ်မှာ စာရင်းဖွင့်ရင် ပုံမှန်ချက်လက်မှတ်စာအုပ်ပေးတယ်။ ငွေစုစာအုပ်ပေးတယ်။ နောက် ကတ်ပေးပါတယ်။ အဲဒီကတ်နဲ့ အားလုံးကို Link လုပ်ထားပါတယ်။ ကျွန်တော်တို့ ရွှေဘဏ်ရဲ့ ကတ်နဲ့ဆိုရင် ATM တွေမှာလည်း သုံးလို့ရတယ်။ POS တွေမှာလည်း သုံးလို့ရတယ်။ ဒါက မြို့ပေါ်က လူတွေအတွက်ပါ။ ကျေးလက်ကသူတွေအတွက်ကတော့ ဘယ်လိုသုံးရမလဲဆိုတော့ Agent Banking ပါ။ အေဂျင်စီတွေရှိမှာပါ။ အေဂျင်စီတွေမှာ ငွေသွင်းတာ၊ ငွေထုတ်တာ၊ ငွေလွှဲတာ လုပ်လို့ရပါတယ်" ဟု ဦးသိန်းဇော် (အမှုဆောင် ဒုတိယဥက္ကဋ္ဌ ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်) က ရွှေဘဏ်ဖွင့်ပွဲနေ့တွင် ဖြေကြားခဲ့သည်။

ရွှေဘဏ်အနေဖြင့် ပြည်တွင်းဘဏ်လုပ်ငန်းများအပြင် ပြည်ပဘဏ်လုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။ တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတွင် မိုဘိုင်းဘဏ်စနစ်၊ အင်တာနက်ဘဏ်စနစ်လုပ်ငန်းများကို အဓိကတိုးချဲ့သွားမည်ဟု သိရပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ငွေလွှဲပို့ရာတွင် မိုဘိုင်းဖုန်းဖြင့် လွှဲပို့နိုင်ရန် နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ရန် လက်ရှိဘဏ်စျေးကွက်အတွင်း စျေးကွက်ဝေစုရရှိအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ရွှေဘဏ်အနေဖြင့် ပြည်တွင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများအားလုံးအပြင် နိုင်ငံတကာဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နိုင်ငံခြားငွေစာရင်းများ ဖွင့်လှစ်ပေးခြင်း၊ သွင်းကုန်/ထုတ်ကုန်လုပ်ငန်းရှင်များအတွက် LC/TT များ ဖွင့်လှစ်ပေးခြင်း၊ Money Changer များ ဖွင့်လှစ်ရန် နိုင်ငံခြားငွေရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ Master Card, Visa Card များ ထုတ်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

"ရွှေဘဏ်" အနေဖြင့် MPU အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း၊ ဗဟိုဘဏ် Cheque Clearing House Member အဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်တွင်လည်းကောင်း၊ နိုင်ငံတကာ ဘဏ်လုပ်ငန်းအတွက် SWIFT Membership အဖွဲ့ဝင်အဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံဘဏ်များ အသင်းဝင်အဖြစ် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင်လည်းကောင်း ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ရွှေဘဏ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့ ဘဏ်ရုံးချုပ်ကို ဖွင့်လှစ်ခဲ့ပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက၊ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ၊ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ရွှေဘဏ် နာယက ဒေါ်နီနီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

**(ဆုနှင်းလှဲ့)**

# ရန်ကုန် စမ်းချောင်းမြို့နယ်၌ ထမင်းအိုးတစ်အိုးကြောင့် အိမ်ခြေ ၁၄ လုံး ဆုံးရှုံးရသည့် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတော(မြောက်)ရပ်ကွက်တွင် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်က မီးသွေးမီးဖိုဖြင့် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၁၄ လုံး ဆုံးရှုံးခဲ့သည်။

"မီးလောင်တဲ့သတင်းရတာနဲ့ မီးသတ်ကားစေလွှတ်မှုကို Level-4 အထိ လွှတ်ခဲ့တယ်။ လောင်တဲ့နေရာက အိမ်ခြေကလည်း စိပ်၊ ပျဉ်ထောင်၊ ပျဉ်ခင်းတွေဖြစ်နေတဲ့အပြင် သတင်းပေးနောက်ကျတဲ့အတွက် မီးလောင်မှုများသွားတာပါ။လောင်နေတဲ့အချိန်မှာလည်း လေက အရပ်လေးမျက်နှာကို ဝှေ့ပြီးတိုက်နေတဲ့အတွက် အချိန်တိုအတွင်း ကူးစက်လောင်ကျွမ်းမှု မြန်သွားတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိုင်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက ပြောသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက် မြသီတာလမ်း အမှတ်(၁၀)ရှိ ဒေါ်ရင်သန်း၏ (ကုန်ခြောက်ဆိုင်)အိမ်အပေါ်ထပ် နောက်ဖေးတွင် မီးသွေးမီးဖိုဖြင့် ထမင်းအိုးတည်ထားခဲ့ရာမှ ဘေးပျဉ်ကာသို့ မီးကူးစက်၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

လောင်ကျွမ်းရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၄၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅၇ ဦးတို့က မီးငြှိမ်းသတ်ယာဉ် ၅၅ စီး၊ ရေသယ်ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်နှစ်စီး၊ တိုင်းကြက်ခြေနီမှ လူနာတင်ယာဉ် ၁၀ စီး၊ မိတ်ဖက်ယာဉ်နှစ်စီး၊ ကွပ်ကဲမှုယာဉ်ရှစ်စီးတို့ဖြင့် ငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၃၈ မိနစ်တွင် မီးငြိမ်းသွားသည်။

"မီးလုံးကြီးတက်လာတော့မှ သိရတာ။ အိမ်ချင်းကပ်ရက်ဆိုတော့ ဘာပစ္စည်းမှ ယူချိန်မရလိုက်ဘူး။ ဖိနပ်တောင်မပါဘဲထွက်ပြေးခဲ့ရတယ်။ တချို့တွေဆိုအိမ်အပေါ်ထပ်ကနေ ခုန်ဆင်းတာတွေရှိတယ်။ ကျွန်မတို့အိမ်ဆိုပြာပုံဖြစ်သွားပြီ။ အချိန်တိုအတွင်း အားကောင်းကောင်းနဲ့လောင်တာဆိုတော့ မီးလောင်ခံရတဲ့အိမ်တိုင်းလိုလိုဘာပစ္စည်းမှ ယူချိန်မရလောက်ပါဘူး"ဟု အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်သန်းက သူ၏အတွေ့အကြုံကို ပြောသည်။

ထိုမီးလောင်မှုသည် ရှမ်းလမ်းဈေးကပ်လျက်တွင် ဖြစ်ပွားခဲ့မှုအပေါ် ဈေးသည် ဒေါ်ခင်အေးက "မီးလောင်တော့ ဆိုင်ရှင်တွေက ပစ္စည်းတွေကို ဈေးအပြင် ရွှေ့ထားကြတယ်။ အချိန်မီ မီးငြှိမ်းသတ်နိုင်လို့ ဈေးဘက်ကို မကူးခဲ့တာပါ။ လွန်ခဲ့တဲ့လေးနှစ်လောက်က ဒီဈေးလည်း မီးလောင်ခဲ့ဖူးတော့ ကျွန်မတို့လည်း ကြောက်တာပေါ့"ဟု ပြောသည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ် ၁၀ လုံး၊ သံကူကွန်ကရစ် တိုက်တစ်လုံး၊ အုတ်ညှပ်တိုက်တစ်လုံး၊ တိုက်ခံအိမ်အပေါ်ထပ်နှင့် ကွန်ကရစ်တိုက်မျက်နှာကြက်တို့အပါအဝင် စုစုပေါင်း နေအိမ် ၁၄ လုံး မီးလောင်ကျွမ်းခဲ့ပြီး အဆောက်အအုံနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

ယင်းမီးလောင်မှုကြောင့် အိမ်ရှင်ဒေါ်ရင်သန်းအား စမ်းချောင်းမြို့နယ် ရဲစခန်းက (ပ)၁၆/၂၀၁၆၊ ပုဒ်မ-၂၈၅ ဖြင့် အရေးယူထားပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် အိမ်ထောင်စု ၂၇ စု(လူဦးရေ ၁၀၆ ဦး)တို့ကို သက်ဆိုင်ရာက လင်းလွန်း(မြောက်)ရပ်ကွက်ရှိ ရှမ်းလမ်းဓမ္မာရုံတွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်မှုပေးလျက်ရှိသည်။

အလားတူ ယင်းနေ့နံနက် ၃ နာရီ ၀၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် ကန်ရိပ်သာလမ်း၌ ပြန်လည်ပြုပြင်တည်ဆောက်နေသော RC နှစ်ထပ်တိုက်အတွင်း လှေကားအောက်ရှိ Change Over အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် အပေါ်ထပ်တန်း၊ လျှောက်တန်း၊ လှေကားတို့ မီးလောင်ခဲ့၍ ညစောင့် ဦးသန်းနိုင်ကျော်အား မရမ်းကုန်းမြို့မရဲစခန်းက (ပ)၃၃/၂၀၁၆၊ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယခု မီးလောင်မှုအပါအဝင် ဇန်နဝါရီ ၁ ရက်မှ ၁၁ ရက်အထိ မီးလောင်မှု (၁၀)ကြိမ်ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)၊**
**ဓာတ်ပုံ-တင်မောင်ဦး(အလုံ)**



# မြင်းစီးကြေးရုပ်ဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြော

**ပဲခူး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင် လောကပြတင်းစာကြည့်တိုက်ကော်မတီက ကြီးမှူးပြီး ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် (၁၃)ကြိမ်မြောက်စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီက ကညွတ်ကွင်းမြို့ အောင်တော်မူခန်းမသစ်၌ ကျင်းပသည်။

အဆိုပါစာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်ကြသည့် သရဝဏ်(ပြည်)၊ ညီမင်းညို၊ မသီတာ(စမ်းချောင်း)တို့က စာပေအနုပညာရေးရာများကို ဟောပြောကြရာ မြို့မိမြို့ဖများ၊ လောကပြတင်းစာကြည့်တိုက် အမှုဆောင်ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်အားပေးကြကြောင်းသိရသည်။

**(ဖြူးမြင့်ဦး)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဝင်ငွေခွန်စည်းကြပ်မှု နှုန်းထားသတ်မှတ်မှုများကို လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့်နှုန်းထားဖြစ်အောင် ဆောင်ရွက်ပေးရမည်



**နေပြည်တော် ဇန်နဝါရီ ၁၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း၊ အစီရင်ခံစာ(၂)ခုဖတ်ကြားခြင်းနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လစ်လပ်လျက်ရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်နေရာတွင် ဒုတိယစာရင်းစစ်ချုပ်အား ခန့်အပ်တာဝန်ပေးရန်ကိစ္စအား လွှတ်တော်က ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း လွှတ်တော်နာယက က ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အထူးကုန်စည်ခွန်ဥပဒေကြမ်း၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို လွှတ်တော်သို့ဖတ်ကြားတင်ပြသည်။

ထို့နောက် လွှတ်တော်နာယက က ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်နာယကက အခွန်ဥပဒေကြမ်းနှင့် ဝင်ငွေခွန်စည်းကြပ်မှု နှုန်းထားသတ်မှတ်မှုများကို လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့်နှုန်းထားဖြစ်အောင် လွှတ်တော်ကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းပြီး မှန်မှန်ကန်ကန်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများသာမက အခွန်ထမ်းပြည်သူများအနေဖြင့်လည်း အခွန်ဆောင်ရန် ပိုမိုစိတ်ဝင်စားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အလေးထားဆွေးနွေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကျင်းပ၊ ဥပဒေကြမ်း(၁၄)ခုအား လွှတ်တော်၏အဆုံးအဖြတ်ရယူ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ဥပဒေကြမ်း(၁၄)ခုအား လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။

အစည်းအဝေးတွင် **ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်း၊ မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်း**တို့ကို လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က ယင်းဥပဒေကြမ်းများအား လတ်တလော ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အတည်ပြုဆုံးဖြတ်သည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကပေးပို့သော **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း၊ မူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း**နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနက တင်သွင်းသော **သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်း**တို့ကို လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က ယင်းဥပဒေကြမ်းများအား လတ်တလော ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အတည်ပြုဆုံးဖြတ်သည်။

ယင်းနောက် **၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ အက်ဥပဒေအမှတ် (၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က ယင်းဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက **မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း၊ ပုဂ္ဂလိကပညာရေးဥပဒေကြမ်း၊ အကျဉ်းထောင်များဥပဒေကြမ်း၊ ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အငြင်းပွား ကျောက်စိမ်းအရိုင်းတုံးနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၃)ခု အတည်ပြုခြင်း၊ အစီရင်ခံစာ(၂)ခု တင်သွင်းခြင်း၊ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း(၁)ခု အသိပေးခြင်း၊ အစီရင်ခံစာ(၁)ခု ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်၏ **အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၏ အလားအလာကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးကံချွန်က နေပြည်တော်တွင် ရာသီဥတုကောင်းမွန်ခြင်း၊ လူနေထူထပ်မှု အသင့်အတင့်ရှိခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ ဟိုတယ်၊ တည်းခိုခန်းများ၊ Shopping Mall များ၊ Restaurant များ ရှိခြင်း၊ ပညာရေး၊ ကျန်းမာရေး ပြည့်စုံခြင်းနှင့် အပန်းဖြေစရာများရှိခြင်းတို့ကြောင့် ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်လည်ပတ်နေထိုင်ရန် သင့်တော်ပါကြောင်း၊

ထို့ပြင် နိုင်ငံတကာအစည်းအဝေးကြီးများနှင့် နိုင်ငံ့ခေါင်းဆောင်များ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ လုံခြုံရေးအတွက် အထူးကောင်းမွန်သည့် နေရာဖြစ်ပါကြောင်း၊ အုပ်ချုပ်မှုကိစ္စများ တစုတစည်းတည်းရှိခြင်း၊ ဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လုံခြုံရေးကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံသော မြို့တော်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအနေဖြင့်လည်း သွားလာရေး၊ ပို့ဆောင်ရေးကောင်းမွန်ပြီး လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝသစ်တောနှင့် သီးနှံများ ထွက်ရှိပါကြောင်း၊ လျှပ်စစ်မီးနှင့် ရေ အထူးကောင်းမွန်သဖြင့် ရင်းနှီးမြှုပ်နှံလိုသူများ၏ လိုအင်ဆန္ဒနှင့်ကိုက်ညီနိုင်မည်ဟု ယူဆပါကြောင်း၊ အဆင့်မီ Grand ACE Villa ကို စီစဉ်ဆောင်ရွက်ထားရှိသဖြင့် သံရုံးများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် အဆင်ပြေမှုရှိကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက **ဖားကန့်ဒေသရှိ ငွေစည်ဟိန်းကျောက်မျက်ကုမ္ပဏီပိုင် လုပ်ကွက်အတွင်းမှ တူးဖော်ရရှိခဲ့သော အချင်းဖြစ်ကျောက်အား နိုင်ငံတော် (သို့မဟုတ်) တွင်းပိုင်ရှင် (သို့မဟုတ်) အခွန်ပေးဆောင်ထားသူတို့အနက် မည်သူပိုင်ဆိုင်သင့်သည်ကို ဆုံးဖြတ်ဆောင်ရွက်ရန်အတွက် အစိုးရအဖွဲ့ သက်ဆိုင်ရာတရားရုံးသို့ အမှုဖွင့်လွှဲပြောင်း**



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်း။

**ပေးရန် သင့်၊ မသင့်၊ မသင့်ပါက မည်သည့်အတွက်ကြောင့် လွှဲပြောင်းပေးရန် မသင့်ကြောင်းနှင့် ကော်မတီ၏ လေ့လာတွေ့ရှိချက်အရ အချင်းဖြစ်ကျောက်အား ဝန်ကြီးဌာနက သိမ်းဆည်းထားသည်မှာ နှစ်နှစ်ကျော်ခန့်ရှိနေပြီး ပြည်ထဲရေးဝန်ကြီးဌာနကလည်း ယင်းအမှုကို တစ်နှစ်ကျော်ကြာ ပညာရှင်များဖြင့် စစ်ဆေး၍ အစီရင်ခံခဲ့ပြီးဖြစ်ရာ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ယခုလွှတ်တော်သက်တမ်းအတွင်း ပွင့်လင်းမြင်သာစွာ ဆုံးဖြတ်ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အငြင်းပွားကျောက်စိမ်းအရိုင်းတုံးသည် ကန့်သတ်တားမြစ်ထားသည့်ကာလအတွင်း တရားမဝင်တူးဖော်ရယူခဲ့ခြင်းဖြစ်၍ စည်းကမ်းပျက်ကျောက်အဖြစ်သတ်မှတ်ပြီး နိုင်ငံတော်ကသာ စီမံခန့်ခွဲရမည့် ကျောက်စိမ်းအရိုင်းတုံးဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊

လက်ရှိအခြေအနေအရ အငြင်းပွားကျောက်စိမ်းအရိုင်းတုံးတွေ့ရှိသူ အဓိကသက်သေ ဦးလတောင်နှင့် ဦးလတောင်ကဲ့သို့ တိကျခိုင်မာသည့် သက်သေခံချက်ပေးနိုင်သူ သို့မဟုတ် ငွေစည်ဟိန်းကုမ္ပဏီကတင်ပြလာသည့် အသံဖိုင်နှင့်ပတ်သက်၍ ကိုယ်တိုင်ပါဝင်ပြောဆိုခဲ့သူနှင့် ၎င်းအချိန်တွင် အတူရှိနေသူများ၏ ထောက်ခံထွက်ဆိုချက်များရရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ မှန်ကန်ကြောင်း အတည်ပြုနိုင်မည်ဆိုပါက သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် အကျိုးတူဖက်စပ်ကုမ္ပဏီတို့၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပွင့်လင်းမြင်သာစွာ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အငြင်းပွားကျောက်စိမ်းအရိုင်းတုံးနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းပြီး သက်သေများအား အသေးစိတ်စစ်ဆေးခြင်း၊ သက်ဆိုင်ရာ လုပ်ကွက်အသီးသီးသို့ သွားရောက်စစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားနှင့် ဓာတ်ပုံမှတ်တမ်းများ စုစည်းလေ့လာခြင်းနှင့် အဓိကသက်သေ၏ထွက်ဆိုချက်အား ရရှိအောင်ဆောင်ရွက်သကဲ့သို့ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်း၊ အခကြေးငွေပေးရေးဥပဒေကြမ်း** တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်ပတ်သက်၍ လွှတ်တော်သို့ အသိပေးရှင်းလင်းတင်ပြသည်။

ထို့နောက် **ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို** ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်က ဆွေးနွေးပြီး ယင်းအစီရင်ခံစာကို လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။ **(သတင်းစဉ်)**

**☆ နိုင်ငံတော်သမ္မတမှ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ရန်ကုန်မြို့တော် ဘဏ်အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က လက်ရှိအဆင့်မြင့်မင်္ဂလာဈေးကို ၁၉၉၈ ခုနှစ် ဇူလိုင် ၅ ရက်က စတင်ဖွင့်လှစ်ခဲ့မှု၊ ၂၀၁၀ ခုနှစ် မေ ၂၄ ရက်တွင် မီးလောင်ကျွမ်းခဲ့မှုနှင့် ဆုံးရှုံးမှုတန်ဖိုး၊ ပြန်လည်တည်ဆောက်မှု၊ ယခု ဇန်နဝါရီ ၉ ရက်က မီးလောင်ကျွမ်းမှု၊ လောင်ကျွမ်းခံခဲ့ရသည့် ဆိုင်ခန်းများနှင့် ဆုံးရှုံးမှုတန်ဖိုး၊ လတ်တလော ဆောင်ရွက်ထားရှိမှု၊ ဈေးဆိုင်ခန်းများမှ ပစ္စည်းများရွှေ့ပြောင်းမှုနှင့် ဈေးဆိုင်ခန်းများအား ယာယီနေရာချထားပေးမည့်အစီအစဉ်၊ မီးလောင်ကျွမ်းခံရသည့် ဈေးဆိုင်များအား ချေးငွေထုတ်ပေးမည့် အစီအစဉ်နှင့် အဆင့်မြင့် မင်္ဂလာဈေးအား ပြန်လည်တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်တို့က ပြန်လည်တည်ဆောက်မည့် အဆင့်မြင့်မင်္ဂလာဈေးဆိုင်ခန်းများ အကျယ်အဝန်းကို ယခုထက် ပိုမိုဧရိယာအကျယ်ထားပေးရေး၊ မီးလောင်ကျွမ်းခံရသည့် ဈေးဆိုင်များအား သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ပေးရေး၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် အဆောက်အအုံကြံ့ခိုင်မှု ကောင်းမွန်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆွေးနွေးပြောကြားရာတွင် ဈေးသူ ဈေးသားများကို ယာယီဈေး၌ နေရာချထားရာတွင် တတ်နိုင်သမျှ စုစုစည်းစည်းဖြစ်စေရေး၊ ယာယီဆိုင်ခန်းများ သပ်ရပ်တောင့်တင်းခိုင်မာပြီး ရာသီဥတုဒဏ်ခံနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန်၊ မီးလောင်ဆုံးရှုံးသွားသည့် ဈေးသူ ဈေးသားများ လုပ်ငန်းပြန်လည်စတင်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဘဏ်မှသက်သာသော အတိုးနှုန်းဖြင့် ငွေထုတ်ချေးပေးရန်၊ ယာယီဈေးသို့ ရွှေ့ပြောင်းရာတွင် အထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတော်အစိုးရမှ မီးဘေးသင့်ဆိုင်ခန်း တစ်ခန်းချင်းအလိုက် သင့်တော်သည့် ထောက်ပံ့ကြေးများထောက်ပံ့ပေးရန်၊ ဈေးအဆောက်အအုံသစ် ပြန်လည်တည်ဆောက်ရာတွင် မီးဘေးအပါအဝင် သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်နိုင်မည့်တည်ဆောက်မှုဖြစ်စေရေး၊ ရေရှည်အားဖြင့် အဆင့်မီအဆင့်မြင့်ဈေးသစ် ဖြစ်စေရေးအတွက် ကောင်းမွန်သော ဗိသုကာဒီဇိုင်းများ၊ အဆောက်အအုံပုံစံများ ရရှိနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စသည်တို့နှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားရန်၊ လျှပ်စစ်သုံးစွဲမှု၊ ဓာတ်အားကြိုးများ ဖြန့်ခွဲတပ်ဆင်မှု စသည်တို့နှင့်ပတ်သက်၍လည်း ဘေးကင်းလုံခြုံစေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်မြို့တော် ဘဏ်မြေညီထပ်၌ ဈေးသူ ဈေးသားများအား တွေ့ဆုံ၍ ဈေးသူ ဈေးသားများတင်ပြသည့် အခက်အခဲများကို



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်္ဂလာဈေး မီးလောင်ကျွမ်းမှုတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။** (သတင်းစဉ်)

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မီးလောင်မှုဖြစ်စဉ်ကြောင့် ဆုံးရှုံးခဲ့ရသည့် ဈေးသူ ဈေးသားများအတွက် နိုင်ငံတော်က ရှေ့ဆက်လက် ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဇန်နဝါရီ ၉ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် စတင်လောင်ကျွမ်းခဲ့သည့် အဆင့်မြင့်မင်္ဂလာဈေး မီးလောင်မှုကြောင့် တတိယထပ်လေးလွှာရှိ ဆိုင်ခန်း ၇၉၁ ခန်း၊ စတုတ္ထထပ် ငါးလွှာရှိ ဆိုင်ခန်း ၇၉၇ ခန်းနှင့် အပေါ်ဆုံးထပ် ခြောက်လွှာရှိ ဆိုင်ခန်း ၄၈ ခန်း အပါအဝင် ဆိုင်ခန်းစုစုပေါင်း ၁၆၃၆ ခန်း မီးလောင်ကျွမ်းခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုး ခန့်မှန်းငွေကျပ် ၃၆ ဘီလီယံ ဆုံးရှုံးခဲ့သည်။

လက်ရှိကာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန အဆင့်မြင့်မင်္ဂလာဈေး ဈေးသာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် မီးလောင်ကျွမ်းမှုတွင် မပါဝင်သည့် မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်ရှိဆိုင်ခန်းများမှ ပစ္စည်းများကို ရွှေ့ပြောင်းပေးလျက်ရှိရာ မြေညီထပ်မှ ဆိုင်ခန်း ၈၄၉ ခန်းရှိ ပစ္စည်းများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိလည်းကောင်း၊ ပထမထပ်မှ ဆိုင်ခန်း ၇၉၁ ခန်းရှိ ပစ္စည်းများကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ ဒုတိယထပ်မှ ဆိုင်ခန်း ၇၉၁ ခန်းမှ ပစ္စည်းများကို ဇန်နဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ လည်းကောင်း၊ ကျန်ဆိုင်ခန်းများကို ဇန်နဝါရီ ၁၇ ရက်တွင်လည်းကောင်း ဈေးသူ ဈေးသားများ၏ အစီအစဉ်ဖြင့် သယ်ယူခွင့်ပြုထားပြီးဖြစ်သည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဆင့်မြင့်မင်္ဂလာဈေး ဈေးသူ ဈေးသားများနှင့် တွေ့ဆုံအားပေးစကား ပြောကြားစဉ်။** (သတင်းစဉ်)

အကျယ်အဝန်း အလျား ပေ ၂၆၀ နှင့် အနံ ၂၂၈ ပေရှိ အဆင့်မြင့်မင်္ဂလာဈေးကို ၁၉၉၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပထမအကြိမ် စတုတ္ထထပ်နှင့် ခေါင်မိုးထပ်မီးလောင်ခဲ့၍ ပြန်လည်တည်ဆောက်ခဲ့ရသည်။ ယခုတစ်ဖန် တတိယထပ်မှ ခေါင်မိုးထပ်ထိ ထပ်မံမီးလောင်ခဲ့မှုကြောင့် အဆောက်အအုံကြီးတစ်ခုလုံး ကြံ့ခိုင်မှုမရှိတော့သဖြင့် အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။

ဈေးသစ်ပြန်လည် တည်ဆောက်နိုင်ရန်အတွက် မြေညီထပ်မှ ပဉ္စမထပ်ရှိ ဆိုင်ခန်းပေါင်း ၄၀၆၇ ခန်းကို မင်္ဂလာဈေးဝင်းအတွင်းရှိ ရွှေမင်္ဂလာဈေး တတိယထပ်မှ ပဉ္စမထပ်ရှိ ယာဉ်ရပ်နားနေရာ၊ ရွှေပြည့်စုံဈေး စတုတ္ထထပ်ရှိ လစ်လပ်နေရာနှင့် မင်္ဂလာမွန်ဈေး ရှေ့မျက်နှာစာ ယာဉ်ရပ်နားနေရာတို့တွင် ၅ ပေ × ၅ ပေ ဆိုင်ခန်းနေရာများစီစဉ်၍ ယာယီနေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မသန်သော်လည်းစွမ်းသူ ဘဝကိုအန်တုအနိုင်ယူ

**ပဲခူး ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် သရက်ကုန်းကျေးရွာနေ ဦးအောင်ဝင်း- ဒေါ်မော်မော်စန်းတို့၏သား မောင်သိန်းထူးအောင် (၁၉)နှစ်သည် မွေးရာပါ တင်ပါးဆုံအောက်ပိုင်း မပါရှိဘဲ ယင်းကျေးရွာတွင် မူလတန်းကျောင်းစာ တတိယတန်းသာတက်ခွင့်ရပြီး ညီငယ် ညီမငယ် နှစ်ဦးတို့အား မိဘများနှင့်အတူ လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့သည်။ ဖခင်မှာ ယာဉ်နောက်လိုက်ဖြစ်ပြီး မိခင်မှာ ခေါင်းရွက်ဈေးသည်တစ်ဦးဖြစ်သည်။ ရုန်းကန်ရှာဖွေစားသောက်ရခြင်း ဖြစ်သည့်အတွက် မောင်သိန်းထူးအောင်သည် ပဲခူးမြို့နယ်အတွင်းရှိ ခြံအမှတ် (၄၃+၄၄)ရော်ဘာခြံတွင် စက်ပြင်လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ကာ တစ်လလျှင် ရှစ်သောင်းကျပ်ရရှိပြီး ဥဿာမြို့သစ်ရပ်ကွက်ကြီး (၁) တိဿလမ်းနေ ဦးလေးတော်စပ်သူနှင့် အတူလာနေကြောင်း သိရှိရသည်။

ယခုနှစ် ဇန်နဝါရီ ၁၀ ရက် ကရင်နှစ်သစ်ကူးနေ့ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲအဖြစ် သုံးယောက်တွဲ ပိုက်ကျော်ခြင်း ကစားပွဲတွင် မောင်သိန်းထူးအောင်မှာ အံ့ဩဖွယ်ကောင်းလောက်အောင် ကစားသွားဟန်နှင့် မသန်ပေမယ့် စွမ်းသည်ဆိုသည့် စကားနှင့်အညီ အသင်းလိုက် အောင်ပွဲခံယူသွားကြောင်း တွေ့ရှိရသည်။ ၎င်းသည် မသန်စွမ်း အသင်းဝင်တစ်ဦးဖြစ်၍ ဝှီးချဲကိုလွန်ခဲ့သော သုံးနှစ်ခန့်က ရရှိထားသူဖြစ်ပြီး ဝှီးချဲကိုအသုံးမပြုဘဲ လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားမှုပြုလုပ်နိုင်သည်။

ရော်ဘာခြံလုပ်သားတွင် စက်ပိုင်းဆိုင်ရာ တာဝန်ရှိသူဝန်ထမ်းတစ်ဦးဖြစ်ကာ ကျေးရွာ၊ ရပ်ကွက် မင်္ဂလာဆောင်တီးဝိုင်းများတွင်လည်း အနုပညာဝါသနာပါသည့်အတွက် ဝင်ရောက်သီဆိုဖျော်ဖြေခဲ့သူ တစ်ဦးလည်းဖြစ်သည်။ ၎င်းကို ခင်မင်ရင်းနှီးသူများက တေးသံရှင် ပိုင်သက်ကျော်အစား သိန်းထူးကျော်ဟူ၍ ပြောင်းလဲခေါ်ကြကြောင်း သိရှိရသည်။ မောင်သိန်းထူးအောင်သည် မသန်သော်လည်း ဘဝကို အရှုံးမပေးဘဲ စွမ်းသူဘဝအဖြစ် အန်တုအနိုင်ယူခဲ့သူတစ်ဦးဖြစ်သည်။

**သုလင်း (ဟံသာမြေ)**



## ပြည်တွင်းရေးရာ

# မြန်မာ-ဗြိတိန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် သမိုင်းကြောင်းအရ တပ်မတော်နှစ်ရပ်အကြားဆက်စပ်မှု၊ ချစ်ကြည်ရင်းနှီးမှုရှိခဲ့ပြီး ယခုခရီးစဉ် လာရောက်ခြင်းသည် ယင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို အလေးထားဆောင်ရွက်မှုအတွက် များစွာဝမ်းမြောက်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ဗြိတိန်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျွန်နီကိုလက်စ်ရေနော့ဒ်စ်ဟော့တန်နှင့် တွေ့ဆုံဆွေးနွေးစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဇေယျာသီရိဗိမာန်ရှေ့၌ ဗြိတိန်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျွန်နီကိုလက်စ်ရေနော့ဒ်စ်ဟော့တန်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဗြိတိန်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျွန်နီကိုလက်စ်ရေနော့ဒ်စ်ဟော့တန်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။** (မြဝတီ)

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်၊ ဗြိတိန်နိုင်ငံစစ်သံမှူး Colonel Antony David Stem နှင့် ဗြိတိန်နိုင်ငံတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗြိတိန်နိုင်ငံကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗြိတိန်နိုင်ငံကာကွယ်ရေးဦးစီးချုပ်တို့သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဒီမိုကရေစီစနစ်ကို စာမျက်နှာသစ်တစ်ခုအနေဖြင့် စတင်ပြုပြင်ပြောင်းလဲခဲ့ရာ ယင်းစနစ်ကို အောင်မြင်အောင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးနေကြောင်း၊ မိမိတို့တိုင်းပြည်၏ ပြုပြင် ပြောင်းလဲရေးဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့် တည်ငြိမ် အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ လုံးဝချုပ်ငြိမ်းရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း တရားဥပဒေစိုးမိုးမှုရှိရန်အတွက် ပြည်သူများက ဥပဒေနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေရန်အတွက် အခြေခံကောင်းအောင် လုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများမရှိအောင် ဆောင်ရွက်ရသကဲ့သို့ တရားဥပဒေစိုးမိုးမှုရှိအောင် ကြိုးစားဆောင်ရွက်မှသာ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခိုင်ခိုင်မာမာသွားနိုင်မည်ဖြစ်ကြောင်းနှင့် ပြည်သူကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လုံးဝသွေဖည်မည်မဟုတ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဗြိတိန်နိုင်ငံ ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် မြန်မာ့တပ်မတော်မှ ပါဝင်လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများကို ဂုဏ်ပြုပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံသည် ကောင်းမွန်သည့် အခြေအနေကို ရောက်ရှိနေပါကြောင်း ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်၍ အတွေ့အကြုံများ ဖလှယ်ရေး၊ စစ်ဆင်ရေးနှင့်မပတ်သက်သည့် လေ့ကျင့်ရေးသင်တန်းများ၊ ဆေးပညာနှင့်ကြံ့ခိုင်ရေးသင်တန်းများ စေလွှတ်တက်ရောက်နိုင်ရေးတို့အား ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗြိတိန်နိုင်ငံ ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(မြဝတီ)**

# ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များ၊ အစိုးရသစ်နှင့် တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးသည် NCA လက်မှတ်ရေးထိုးပြီးနောက် **နိုင်ငံအတွက် သမိုင်းသစ်တစ်ခု၊ နိုင်ငံရေးဆွေးနွေးပွဲအတွက် ခြေလှမ်းသစ်တစ်ရပ် စတင်ခြင်းဖြစ်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု အပြည့်အဝ မျှော်လင့်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် ညီလာခံကြီးအဖြစ် ယုံကြည်**ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ငြိမ်းချမ်းရေးသည် နိုင်ငံ၏ အဓိက လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးခြင်းသည် တိုင်းပြည်ထာဝရငြိမ်းချမ်းရေးအတွက် စာချုပ်ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ သာမန်ပစ်ခတ်မှုရပ်စဲရေးအတွက် လက်မှတ်ရေးထိုးခြင်းမဟုတ်ဘဲ ယခင်လက်မှတ်ရေးထိုးခဲ့သည့်ပစ်ခတ်ရပ်စဲမှုစာချုပ်ပါအချက်အလက်များနှင့်လည်း ကွဲလွဲခြင်းကြောင့် ကျန်ရှိနေသည့်အဖွဲ့များအနေဖြင့် NCA ကို လက်မှတ်ရေးထိုးရန် လိုအပ်ကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးမှသာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် မိမိတို့၏ လိုအပ်ချက်များကို ဆွေးနွေးမှု၊ တောင်းဆိုမှုများပြုလုပ်ရမည်ဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးမှသာ ယင်းအခွင့်အရေးများ မဆုံးရှုံးမှာဖြစ်၍ထပ်ကာထပ်ကာ မေတ္တာရပ်ခံနေခြင်းဖြစ်ကြောင်း၊ တပ်မတော်ရပ်တည်ချက်သည်လည်း ပြောင်းလဲမည်မဟုတ်သဖြင့် ဥပဒေနှင့်အညီ လုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိခြင်းဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အပြည့်အဝဆောင်ရွက်နိုင်ခြင်းကြောင့် အကျိုးကျေးဇူးများ ပိုမိုဖြစ်ထွန်းနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော်က တရုတ်နိုင်ငံအစိုးရနှင့်တပ်မတော်အနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ထူးခြားသည့်ဆက်ဆံရေးအား အလေးထားပါကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေးမူဝါဒများဖြစ်သည့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်မြဲရေးကို ထောက်ခံပါကြောင်း၊ ပြည်ပမှဝင်ရောက်စွက်ဖက်မှုများကို ဆန့်ကျင်၍ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့်လမ်းကြောင်း ရွေးချယ်မှုကို ထောက်ခံကြောင်း၊ အမြန်ဆုံး ငြိမ်းချမ်းရေးရရှိခြင်းဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအတွက် အကျိုးပြုခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် အနာဂတ်အတွက် အတတ်နိုင်ဆုံး ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA အား လက်ခံတွေ့ဆုံစဉ်။**

(မြဝတီ)



အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေပိုင်းတွင် မြန်မာနိုင်ငံအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များနှင့် အစိုးရသစ်နှင့် တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

**(မြဝတီ)**

# လားရှိုးမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်

**လားရှိုး ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန လားရှိုးမြို့မဈေးကြီးအတွင်း ဇန်နဝါရီ ပထမပတ်က မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြသည်။

အဆိုပါမီးဘေးအန္တရာယ်ကြိုတင်ကာကွယ် ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ၊ သတင်းမီဒီယာများ တက်ရောက်ကြပြီး အရေးပေါ်မီးသတ်ကိရိယာများ၊ ကနဦး မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

## ပို့ဆောင်ရေးစနစ်ကြောင့် ငါးဈေးနှုန်းမြင့်တက်မှုအပေါ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က အဆင်ပြေအောင်ဆောင်ရွက်မည်

**မုံရွာ ဇန်နဝါရီ ၁၁**

ဖွံ့ဖြိုးသည့်နိုင်ငံများကဲ့သို့ အအေးခန်းပါသည့်ကားကြီးများဖြင့် ပို့ဆောင်ပေးနိုင်ခြင်းမရှိသေးသောကြောင့် လူစီးအမြန်မှန်လုံယာဉ်ကြီးများဖြင့် အဆင်ပြေစွာ ပို့ဆောင်ပေးနေရာမှ အမြန်လမ်းပေါ်မှပို့ဆောင်မှုကို ကန့်သတ်လိုက်ရာ ရန်ကုန်မှ မုံရွာအရောက် ငါးတစ်ပိဿာ ပို့ဆောင်ခမှာ ကျပ် ၃၀၀ အထိ ပိုပေးနေရသောကြောင့် စားသုံးသူများ ဈေးပိုပေးနေရသလို ယခင်ကကဲ့သို့ လတ်ဆတ်သော ငါးကိုမစားရတော့ကြောင်း သိရသည်။

"အရင်က ရန်ကုန်ကနေ ညနေတင်လိုက်တဲ့ ငါးပုံးက မနက် ၄ နာရီလောက်ဆို မုံရွာကိုရောက်ပြီး စားသုံးသူတွေဆီကို လတ်လတ်ဆတ်ဆတ်နဲ့ ရောက်တယ်။ အခုခရီးသည်တင်မှန်လုံယာဉ်ကြီးတွေအပေါ် ငါးပုံးတင်ပို့တာကို နိုဝင်ဘာ ၂၉ ရက်ကစပြီး အမြန်ယာဉ်လမ်းဥပဒေနဲ့အညီ ကန့်သတ်လိုက်တာ နောက်ပိုင်းကားခဈေးတက်တာကြောင့် စားသုံးသူလက်ဝယ်ရောက်တော့ အရင်ကထက် ငွေကျပ် ၃၀၀ ပိုပေးမှ ရောက်လာတယ်။ အဲဒီလို ဖြစ်နေတာတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး စားသုံးသူတွေဘက်က ရပ်တည်ပြီး ပို့ဆောင်ရေးစနစ် ယခုထက်ပိုကောင်းသလို ပိုပြီးဈေးသက်သာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းချိုက ပြောသည်။

ရန်ကုန်မှ မုံရွာသို့ ယခင်ခရီးသည်တင် မှန်လုံယာဉ်ကြီးများဖြင့် ငါးပုံးများကို စနစ်တကျ ပို့နေစဉ်က ညပို့လျှင် မနက်ရောက်ကာ ဈေးကွက်ဦးသောကြောင့် ရောင်းသူမျက်နှာပန်းပွင့်သလို လတ်ဆတ်သောငါးကို ဈေးချိုစွာစားရသောကြောင့် ကျန်းမာရေးနှင့် ညီညွတ်စေကြောင်း သိရသည်။ ပို့ဆောင်ရေးစနစ်ကန့်သတ်လိုက်ပြီးနောက်ပိုင်း ငါးပုံး ၅၀ ခန့်စုကာ ကုန်ကားတစ်စီး ကျပ်လေးသိန်းခွဲပေးငှား၍ ပို့ကြရာ ယခင်လိုနာရီပိုင်းအတွင်း မရောက်တော့ဘဲ တစ်ရက်နောက်ကျမှ ရောက်သောကြောင့် ရေခဲဖိုးထပ်မံကုန်ကျပြီး ငါးလတ်ဆတ်မှုမှာ လျော့လာသလို ကားခပိုပေးရသောကြောင့် ဈေးနှုန်းမှာ မတင်မဖြစ် တင်လိုက်ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးထံမှ သိရသည်။

ရန်ကုန်မြို့မှ မုံရွာမြို့သို့ တစ်ရက်လျှင် ငါးကုန်ချိန်ပိဿာတစ်သောင်းခန့်နှင့် ရွှေဘိုမြို့သို့ ပိဿာ ၇၀၀၀ ခန့် နေ့စဉ် တင်ပို့လျက်ရှိရာ စားသုံးသူများဈေးမြင့်ပေးဝယ်စားရရာမှ ဈေးလျော့နည်းစေရန်နှင့် ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ဖြင့် ညှိနှိုင်းဆောင်ရွက်မှုကို စတင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းချိုက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## ရွှေဘိုဒေသ၌ ရိုးရိုးစပါးခြွေလှေ့စက်ထက် ခေတ်မီရိတ်သိမ်းစက် သုံးစွဲမှုများလာ

**ရွှေဘို ဇန်နဝါရီ ၁၁**

ရွှေဘိုခရိုင်ဒေသ၌ မိုးစပါးများ လှိုင်လှိုင်ရိတ်သိမ်းနေစဉ် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့်လည်းကောင်း၊ အချိန်ကုန်ငွေကုန်နည်းပါးပြီး လုပင်ပန်းသက်သာမှုရှိ၍လည်းကောင်း တောင်သူများအနေဖြင့် ခေတ်မီ၍ နောက်ဆုံးပေါ် ရိတ်သိမ်းခြွေလှေ့စက် (Combine)များကို အသုံးပြုလာကြကြောင်း၊ ယခင်ကနဦးရှိရင်းစွဲ ရိုးရိုးစပါးခြွေလှေ့စက်များကို သုံးစွဲငှားရမ်းမှု မရှိလောက်အောင် နည်းပါးသွား၍ ရပ်နားထားရသည်ဟု ရိုးရိုး စပါးခြွေလှေ့စက်ပိုင်ရှင်များထံမှ သိရသည်။

အဆိုပါ ရွှေဘိုခရိုင်ဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါးများကို လယ်မြေဧကပေါင်း သုံးသိန်းကျော် စိုက်ပျိုးထားရာ ယခုအချိန်တွင် စပါးများရင့်မှည့်နေမှုကြောင့် လှိုင်လှိုင်ရိတ်သိမ်းနေကြောင်း၊ ထိုသို့ စပါးများရိတ်သိမ်းနေစဉ် လူများဖြင့် ရိတ်သိမ်းရာ၌ စပါးရိတ်လုပ်သားရှားပါးသည့်အပြင် လုပ်အားခဈေးကြီးမြင့်မှု၊ အချိန်ကုန်၊ ငွေကုန်နည်းပါးသည့်အပြင် လုပင်ပန်းသက်သာမှုရှိသည့်အတွက် ယခင်ကနဦးရှိရင်းစွဲ ရိုးရိုးစပါးခြွေလှေ့စက်များကို မသုံးတော့ဘဲ ခေတ်မီ၍ နောက်ဆုံးပေါ် ရိတ်သိမ်းခြွေလှေ့စက်(Combine)များဖြင့် တောင်သူများက အသုံးပြုလာကြသည်။

"ကျွန်တော်တို့ဒေသမှာတော့ စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်လာပါတယ်။ မြင်းကောင်ရေ ၄၅၊ မြင်းကောင်ရေ ၆၀၊ မြင်းကောင်ရေ ၉၀ ရှိတဲ့ လယ်ထွန်စက်ကြီးတွေ စုစုပေါင်း ၅၄ စီးကို သမဝါယမအသင်းစုက အရစ်ကျဝယ်ယူပြီး ထွန်စက်ကြီးတွေနဲ့ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်နေပါတယ်။ တောင်သူတွေကလည်း ကုမ္ပဏီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နောက်ဆုံးပေါ် ရိတ်သိမ်းခြွေလှေ့စက်(Combine) တွေကို အသုံးပြုလာတာ မြို့နယ်တွင်းမှာ အစီးရေ ၂၀ လောက်ရှိမယ် ထင်ပါတယ်"ဟု ခင်ဦးမြို့နယ် သမဝါယမအသင်းမှ ဦးသိန်းထွန်းက ပြောသည်။

ယင်းမြို့နယ်ရှိ ကန်သစ်ကျေးရွာမှ ရိုးရိုးစပါးခြွေလှေ့စက်ပိုင်တစ်ဦးကလည်း "ခေတ်မီ၍ နောက်ဆုံးပေါ် ရိတ်သိမ်းခြွေလှေ့စက်(Combine)တွေနဲ့ တောင်သူတွေက အသုံးပြုလာနေတော့ ရိုးရိုးစပါးခြွေလှေ့စက်တွေ ငှားရမ်းသူနည်းပါးသွားပြီး ရပ်နားထားရတဲ့ရက်က များနေပါတယ်" ဟု ပြောသည်။

**(ရောင်နီတင်ဝင်း)**

## မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့ မော်တော်ယာဉ်အသစ်နှင့် လုံခြုံရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့လုံခြုံရေးမော်တော်ယာဉ် ၄၅ စီး ရရှိပြီး တစ်မြို့နယ်လျှင် တစ်စီးနှုန်းဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေး၏ လမ်းညွှန်ချက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်တို့၏ ကြီးကြပ်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရပ်ကွက် ၂၀ ရှိ လူစည်ကားသော နေရာများသို့ လှည့်လည်ပြီး မြို့နယ်သုံးမော်တော်ယာဉ်သုံးစီးဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့အတွင်း ရဲတပ်ဖွဲ့မော်တော်ယာဉ်လှည့်ကင်းများဖြင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## သုံးထပ်ကျောင်းဆောင်သစ်ကြီး (၁ဆောင်) ဆောက်လုပ်ပြီးစီး

**ကလေး ဇန်နဝါရီ ၁၁**

ကလေးမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကြီး ကံ့ကော်ဆောင်အား ဆောက်လုပ်ပြီးစီးပြီးနောက် သုံးထပ်ကျောင်းဆောင်သစ်တစ်လုံးကို ၂၀၁၅ ခုနှစ် ဇွန် ၃ ရက်က ထပ်မံဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကြီးသည် ကလေးမြို့ သဇင်ရပ်ကွက် ယုဒသန်လမ်းရှိ မြေနေရာ ငါးဧကအတွင်းတွင် အလျားပေ ၁၇၀၊ အနံ ပေ ၃၀၊ အမြင့် ၃၄ ပေရှိပြီး အခန်း ၁၅ ခန်းပါ RC သုံးထပ်ကျောင်းဆောင်သစ် အဆောက်အအုံဖြစ်သည်။

ယခုအချိန်တွင် ကလေးမြို့၌ အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းရှိပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးတွင် များစွာအဆင်ပြေလာပြီဖြစ်သည်။

**(ဂျိုးနက်)**

# သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်ပြဿနာ

ကမ္ဘာပေါ်တွင် သက်ရှိသတ္တဝါမှန်သမျှသည် ပတ်ဝန်းကျင်ကို အမှီသဟဲပြုနေကြရသည်။ ထိုသို့ သက်ရှိနှင့် သက်မဲ့တို့ အပြန်အလှန် အမှီသဟဲပြုနေကြခြင်းကို ဂေဟစနစ်ဟုခေါ်ဆိုကြသည်။ လူသားတို့၏ လူမှုစီးပွားဘဝကောင်းမွန်တိုးတက်ရေးနှင့် သာယာဝပြောရေးသည် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ပေါ်မှာ အခြေခံနေပါသည်။ ယခုအခါ လူသားများ၏ မဆင်မခြင်လုပ်ရပ်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ တဖြည်းဖြည်းယိုယွင်းပျက်စီးလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးစေသည့် ပြဿနာများအနက် အဖြူရောင်အန္တရာယ် (White Pollution) ဟုခေါ်ဆိုသည့် ကြွပ်ကြွပ်အိတ်(ခေါ်) ပလတ်စတစ်အိတ်ပြဿနာသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ် ၃၀ ခန့်လောက်ကတည်းက မြန်မာနိုင်ငံ၏ မည်သည့်နေရာဒေသမဆို ပစ္စည်းဝယ်ယူရာတွင် ပစ္စည်းအမျိုးအစားအလိုက် အသားစိမ်း၊ ငါးစိမ်း၊ အသီးအရွက်များဆိုလျှင် အင်ဖက်၊ ဗာဒံရွက်၊ ဖက်များဖြင့်လည်းကောင်း၊ စားသောက်စရာများကို ဘူး၊ ချိုင့် စသည်တို့ဖြင့်လည်းကောင်း၊ အခြားအသုံးအဆောင်ပစ္စည်းများကို စက္ကူအိတ်၊ သတင်းစာစက္ကူ ပလတ်စတစ်အိတ်ပျော့များဖြင့် ထုပ်ပိုးခဲ့ကြပါသည်။ နောက်ပိုင်းတွင် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ အရင်ကသုံးစွဲခဲ့သည့် ထုပ်ပိုးပစ္စည်းများ၊ အိတ်များထက် ပိုမိုခိုင်ခံ့ပြီး တာရှည်ခံသည့် ရောင်စုံကြွပ်ကြွပ်အိတ်များကို သုံးစွဲလာကြသည်။ ကြွပ်ကြွပ်အိတ်သည် သယ်ယူရလွယ်ကူခြင်း၊ ထုပ်ပိုးရာတွင် ပေါ့ပါးခိုင်ခံ့ခြင်း၊ ဈေးနှုန်းသက်သာခြင်းနှင့် စွန့်ပစ်ရာတွင် လွယ်ကူခြင်းတို့ကြောင့် တစ်ကမ္ဘာလုံး၌ တွင်တွင်ကျယ်ကျယ်သုံးစွဲလျက်ရှိပါသည်။ ကြွပ်ကြွပ်အိတ်ထုတ်လုပ်ရာတွင် အသုံးပြုနေသည့် ကော်စေ့သည် သဘာဝသယံဇာတဖြစ်သည့် ရေနံစိမ်းမှထုတ်ယူခြင်းဖြစ်သည့်အတွက် ကြွပ်ကြွပ်အိတ်များအား စည်းကမ်းမဲ့စွာ မဆင်မခြင်ထုတ်လုပ်သုံးစွဲခြင်းသည် သဘာဝသယံဇာတဖြစ်သည့် ရေနံစိမ်းများအား ဖြုန်းတီးရာရောက်သကဲ့သို့ ကမ္ဘာပေါ်တွင် နှစ်စဉ်ပလတ်စတစ်သုံးစွဲမှု ပမာဏတန်ချိန်သန်းပေါင်း ၂၇၅ သန်းရှိကြောင်း လေ့လာသိရှိရသည်။

ယခုအခါ မြောက်ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စွန့်ပစ်ထားသည့် တန်ချိန်ကိုးသန်းခန့်ရှိသည့် ပလတ်စတစ်အမှိုက်ထုကြီးမှာ သမုဒ္ဒရာအတွင်း စီးဆင်းမျောနေပြီး ရေသတ္တဝါများနှင့် ပင်လယ်ကူးသင်္ဘောများအတွက် ဘေးအန္တရာယ်ဖြစ်ခဲ့ဖူးသည်ဟု မှတ်သားဖူးသည်။ ကြွပ်ကြွပ်အိတ်သည် တာရှည်ခံသည့် စွမ်းရည်ကြောင့် အဆိုပါ ပြဿနာစတင်ခဲ့ရခြင်းဖြစ်သည်။ ကြွပ်ကြွပ်အိတ်များသည် ရေမြောင်းများမှတစ်ဆင့် မျောပါသွားပြီး ရေထွက်ပေါက်ပိတ်ဆို့ခြင်းကြောင့် ကြွက်၊ ခြင်၊ ယင် စသည်များကြောင့် ဗက်တီးရီးယားပိုးမွှားများနှင့် ရောဂါပိုးများပေါက်ကာ လူတို့၏ကျန်းမာရေးကိုထိခိုက်စေနိုင်သကဲ့သို့ မိုးရွာချသည့်အခါ ကြွပ်ကြွပ်အိတ်များသည် ရေမြောင်းများအတွင်း မျောပါသွားပြီး မြစ်ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာထဲကိုရောက်ရှိသွားကာ ကမ္ဘာ့ရေထုကို ညစ်ညမ်းစေသည့်အပြင် ရေသတ္တဝါများ၏ ဂေဟစနစ်ကိုလည်း ပျက်စီးစေသည်။ ဥပမာ ကြွပ်ကြွပ်အိတ်သည် ဂျယ်လီငါးနှင့်အလွန်တူသောကြောင့် ပင်လယ်လိပ်များသည် ၎င်းတို့၏ အစာထင်မှတ်ကာ စားသုံးမိကြသဖြင့် သေဆုံးကြရသည်။

ကြွပ်ကြွပ်အိတ်များသည် မြေကြီးထဲတွင် နှစ်ပေါင်း ၅၀၀ မှ ၁၀၀၀ ခန့်ကြာမှသာ ပျက်စီးနိုင်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ထိခိုက်စေနိုင်ပြီး မြေကြီးထဲသို့ရောက်ရှိသွားသော ကြွပ်ကြွပ်အိတ်များကြောင့် မြေဆီလွှာအတွင်းရှိ အပင်မျိုးစေ့များမှာ အညှောက်မထွက်နိုင်တော့ဘဲ သေကျေပျက်စီးကြရပြီး ယင်းကြွပ်ကြွပ်အိတ်များကို မီးရှို့ဖျက်ဆီးပါကလည်း အီသိုင်းလင်းအောက်ဆိုက်နှင့် ဒိုင်အောက်စင်များထွက်ရှိသဖြင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်စေသည့်အပြင် ယင်းအငွေ့များကိုရှူရှိုက်မိသည့် လူတို့၏ သွေးနှင့် ဆီးများထဲသို့ ရောက်ရှိကာ ကင်ဆာရောဂါကိုဖြစ်ပွားစေနိုင်ကြောင်း ဆေးကျမ်းများအရ သိရသည်။

ကြွပ်ကြွပ်အိတ်တွင် ခဲဓာတ်နှင့် အဆိပ်ဓာတ်များပါရှိသည့်အတွက် ဓာတုဗေဒပစ္စည်းများနှင့် အရောင်ဆိုးဆေးများကြောင့် ပူလောင်သည့် စားစရာများကို ကြွပ်ကြွပ်အိတ်ထဲထည့်ပြီး ထုပ်ပိုးသယ်ဆောင်ပါက အဆိပ်ဓာတ်များနှင့် ဒိုင်အောက်စင်များသည် စားစရာများထဲသို့ရောက်ရှိသွားပြီး ကင်ဆာစသည့်ရောဂါများဖြစ်ပွားတတ်ကြောင်း ဆေးကျမ်းများတွင် ပါရှိလေသည်။ ယင်းကြောင့် ကြွပ်ကြွပ်အိတ်များကို အသုံးပြုသူများသည် လူ၏ခန္ဓာကိုယ်အား အနှေးနှင့်အမြန် ဒုက္ခပေးလာမည်ဖြစ်သည်။

ယခုအခါ ကြွပ်ကြွပ်အိတ်နှင့် ပတ်သက်သော လက်ကမ်းစာစောင်များ၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်လာကြသကဲ့သို့ သတင်းစာ၊ ဂျာနယ်များတွင်လည်း ရေးသားဖော်ပြလာကြသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို တစ်ထောင့်တစ်နေရာမှ ထိန်းသိမ်းကာကွယ်ရန်နှင့် သက်ရှိများ၏ ဂေဟစနစ်များ၊ လူတို့၏ ကျန်းမာရေးကိုကာကွယ်စောင့်ရှောက်ရန်အတွက် ကြွပ်ကြွပ်အိတ်အသုံးပြုမှုကို ငြင်းပယ်ခြင်း၊ လျှော့ချခြင်းများကို တာဝန်ရှိသူများသာမက ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကျော်ကျော်(မလှိုင်)**

# လူငယ်၊ လူရွယ်များအကြား ကော်ရှူသည့်အလေ့ တားဆီးကာကွယ်

**မြိတ်မြို့ ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အသီးသီး၌ရှိသော ကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသားလူငယ်များနှင့် လူငယ်များကြား၌ ကော်ရှူသည့် အလေ့အထများရှိနေကြောင်း သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ မြိတ်မြို့နယ်ရှိ အလယ်တန်းကျောင်း ဆရာမတစ်ဦးနှင့် မေးမြန်းဖြစ်ခဲ့ရာ "၆တန်း၊ ၇တန်း၊ ၈တန်း ကလေးတွေ ကော်ရှူနေကြတာကို သိနေပေမယ့် ဘယ်နေရာမှာ ဘယ်လိုရှူတယ်ဆိုတာ အတိအကျမသိတော့ ခက်တာပေါ့။ ကျောင်းရောက်လာရင် တစ်ဖွဲ့နဲ့တစ်ဖွဲ့ရန်ဖြစ်ကြတယ်။ တစ်ဦးကိုတစ်ဦး ကြည့်တဲ့အကြည့်တွေက ရန်လိုနေကြတယ်။ တစ်နေ့တစ်နေ့ ဒီကိစ္စကိုပဲ ဖြေရှင်းနေရတယ်။

"ကျောင်းသား တစ်ယောက်ဆိုရင် အိမ်က ငွေတစ်သိန်းခိုးလာတယ်။ သတင်းရလို့ မနည်းချော့မော့တောင်းပြီး သူ့အိမ်ကိုပြန်ပေးရတယ်။ ကော်ရှူတာက ပိုက်ဆံလေးငါးရာလောက်ရှိရင်ရတာမို့ ကလေးတစ်ယောက်အဖို့ ဒီခေတ်ထဲမှာ ဒီငွေလောက်က မဆန်းဘူးလေ။ မုန့်ဖိုးကို မုန့်ဝယ်မစားဘဲ လူစုပြီး ကော်ရှူလာကြတယ်လို့ သိရတယ်။ ယောကျ်ားလေးတွေသာမက မိန်းကလေးတွေလည်း လက်သည်းဆိုးဆေးဖျက်တဲ့ အရည်ကိုရှူကြတယ်။ ကျောင်းထဲမှာ လုပ်တာ မဟုတ်တော့ ကျွန်မတို့လည်း ဘယ်လိုမှမတတ်နိုင်ဘူး။ ပိုဆိုးတာက ကလေးတွေ စာလုံးဝ မလိုက်နိုင်ဘူး"ဟု ပြောသည်။

လူငယ်လူရွယ်များအကြား ကော်ရှူသည့် အန္တရာယ်အား သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ကော်ရှူသည့်ကိစ္စမှာ မူးယစ်ဆေးမှန်သော်လည်း မူးယစ်ထုံထိုင်းဆေးဝါး ဥပဒေဖြင့် အရေးယူ၍ မရကြောင်းလည်း သိရသည်။

**ဖိုးကျော်(မြိတ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မျက်မမြင်များရရှိမည့် အခွင့်အလမ်းများနှင့် ပညာသင်ကြားရေးများကို အိမ်တိုင်ရာရောက်ဆောင်ရွက်မည်

**မုံရွာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မျက်မမြင်များ၏ရရှိသင့်သော အခွင့်အလမ်းများနှင့် မိမိကိုယ်တိုင် လုပ်ငန်းများလုပ်ကိုင်၍ ဘဝတစ်လျှောက်ခိုင်မာမှုရှိစေရန် အိမ်တိုင်ရာရောက် ဆောင်ရွက်မှုများကို မြို့နယ် ၁၀ ခုတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မျက်မမြင်များ အကျိုးဆောင်ရွက်နေသူ မုံရွာမြို့နေ ဆရာချိုထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မုံရွာ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ဘုတလင်၊ ဒီပဲယင်း၊ ချောင်းဦး၊ အရာတော်၊ ကနီ၊ မင်းကင်းစတဲ့ မြို့နယ် ၁၀ မြို့နယ်မှာ မျက်မမြင်တွေရဲ့ အခွင့်အလမ်းနဲ့ ကိုယ်တိုင်ဆောင်ရွက်လုပ်ကိုင်နိုင်မှုတွေဆောင်ရွက်ဖို့ အိမ်တိုင်ရာရောက် သွားရောက်ဆောင်ရွက်ဖို့ စီစဉ်နေတာပါ။

အချို့မျက်မမြင်တွေက ဒီလိုပဲ ဘဝကိုပြီးနေကြတာတွေရှိနေပါတယ်။ အဲဒါတွေကို မြန်မာနိုင်ငံမျက်မမြင်အသင်းရဲ့ အကူအညီ၊ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတွေရဲ့အကူအညီ တွေရယူပြီး ရှာဖွေနိုင်သလောက်ရှာထားပါတယ်။ ဆက်လည်းရှာဖွေနေဆဲပါ။ တွေ့ထားပြီးသား မျက်မမြင်တွေကို ဒေသခံတွေနဲ့တွေ့ဆုံညှိနှိုင်းပြီး မျက်မမြင်ပညာတွေကို သူတို့ရဲ့ဘဝအတွက် သင်ပေးသွားဖို့ ကြိုးစားနေကြတာပါ"ဟု ဆရာချိုက ပြောသည်။

မုံရွာမြို့နယ်အတွင်း စာရင်းကောက်ပြီး မျက်မမြင်ဦးရေမှာ ၁၈၀ ခန့်ရှိပြီး အဆိုပါ ၁၈၀ ကို မုံရွာမြို့ ရောင်ခြည်သစ်မျက်မမြင်ကျောင်းတွင်ဗဟိုပြု၍အကြိမ် ၅၀ ခန့် တွေ့ဆုံကာ နှစ်သိမ့်ပညာပေးဆွေးနွေးကာ အလုပ်အကိုင်များတတ်မြောက်အောင်သင်ကြားရန် ဆောင်ရွက်လျက်ရှိသည်။ ယခု ဇန်နဝါရီလအတွင်း မုံရွာမြို့နယ် ဖန်ခါးကျင်းကျေးရွာနှင့် မုံရွာမြို့တွင်းမှ မျက်မမြင်များ၏ အိမ်တိုင်ရာရောက် နှစ်သိမ့်ဆွေးနွေးပညာသင်ယူရေးများကို ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်မမြင်များအခွင့်အလမ်းကို မျက်မမြင်များကိုယ်တိုင် မည်မျှသိရှိသည်ဆိုသည့် အချက်နှင့် မျက်မမြင်ပညာသင်ကြားမှု၏ အောင်မြင်မှုရှိခြင်း၊ မရှိခြင်းများကို မြန်မာနိုင်ငံ မျက်မမြင်အသင်းတာဝန်ရှိသူများကိုယ်တိုင် လာရောက်စစ်ဆေးကြပ်မတ်ဆောင်ရွက်၍ လိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းအချို့ ယာဉ်စီးခနွန်းထားကပ်မထားသော်လည်း ကြော်ငြာမျိုးစုံဖြင့် ဝေဆာ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင် လိုင်းကားအချို့တွင် ကားကိုယ်ထည်(ဘော်ဒီ)နှင့် ကားအတွင်းပိုင်းများတွင် စီးပွားရေးကြော်ငြာမျိုးစုံ ကပ်ထားကြသကဲ့သို့ ခရီးစဉ်အပိုင်းအခြားအလိုက် သတ်မှတ်ထားသော ယာဉ်စီးခနှုန်းထားစာရွက်ကိုလည်း ထင်သာမြင်သာနေရာတွင် ကပ်ထားစေချင်ကြောင်း ပြည်တွင်းလိုင်းကားစီး ခရီးသည်များက ပြောသည်။

"ခရီးသည်တင် လိုင်းကားတွေက ကြော်ငြာကားလား၊ ခရီးသည်တင်လိုင်းကားလားဆိုတာတောင် ခွဲခြားရခက်နေပြီ။ ခြောက်လက်မလောက်သာ နေရာပေးရမယ့် ယာဉ်စီးခနှုန်းထားစာရွက်ကိုတော့ ကပ်မထားကြဘူး။ စီးပွားရေးကြော်ငြာမျိုးစုံကိုတော့ တစ်ကားလုံး ဝေဝေဆာဆာကပ်ထားကြတယ်" ဟု ခရီးသည်တစ်ဦးက ဆိုသည်။

မျက်မှောက်ကာလတွင် ယာဉ်နောက်လိုက်အချို့မှာ ယာဉ်စီးခပိုမိုတောင်းခံမှုများ ရှိနေသောကြောင့် ခရီးသည်အချို့က ကျေနပ်မှုမရှိကြသဖြင့် မထသသို့ တိုင်ကြားမှုများရှိနေရာ သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ခရီးသည်အသွင်ယူ၍ ရှောင်တခင် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်နေသော်လည်း ခရီးသည်တင် လိုင်းကားအချို့မှာ စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း သိရသည်။

**(မောင်သုည)**

## မှုခင်းသတင်းများ

### ရေတွင်းထဲမှ နုန်းနှင့်ရေဆိုးများ ဆင်းဆယ်ရာမှ ငါးဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အတူးကျေးရွာတွင် ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ရေတွင်းထဲမှ နုန်းနှင့်ရေဆိုးများ ဆင်း၍ ဆယ်ယူစဉ် သေဆုံးမှုဖြစ်ပွားကြောင်း သတင်းအရ ရခိုင်ပြည်နယ် သံတွဲမြို့နယ် သံတွဲမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

၎င်းနေ့ နံနက် ၉ နာရီခန့်က အဆိုပါကျေးရွာနေ ဦးမောင်ထက်(၇၅)နှစ်၏ ခြံဝင်းအတွင်းရှိ အချင်းလေးပေ၊ အနက် ၃၃ ပေခန့် ရေတွင်းအတွင်းရှိ နုန်းနှင့်ရေဆိုးများအား အဆိုပါ ရွာသား ၂၀ က ဆယ်ယူခဲ့ကြသည်။

ယင်းသို့ဆယ်ယူနေစဉ် ရဲမင်းထွန်း(၂၃)နှစ်က ဟွန်ဒါရေစုပ်စက်ဖြင့် ရေတွင်းထဲ ဆင်းပြီး ရေစုပ်ခဲ့ရာမှ နာရီဝက်ခန့်အကြာ အသက်ရှူကျပ်လာသောကြောင့် ရေတွင်းပေါ်ရှိ ရွာသားများအား အကူအညီတောင်းခဲ့ကြောင်း၊ မောင်ချမ်းသာ၊ အောင်တင်ဝင်း၊ စိုးမင်းပိုင်၊ ကျော်ဝင်းနှင့် ဇော်ဦးတို့ ငါးဦးက ဆင်း၍ဆယ်ယူရာ ရဲမင်းထွန်း၊ မောင်ချမ်းသာ၊ ဇော်ဦးတို့ သုံးဦးသာ ရေတွင်းပေါ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ရဲမင်းထွန်းနှင့် မောင်ချမ်းသာမှာ အသက်ရှူကျပ်၍ သေဆုံးသွားကြောင်း၊ ကျန်လူများအား ဆက်လက်ဆယ်ယူရာ အောင်တင်ဝင်း၊ ကျော်ဝင်းနှင့် စိုးမင်းပိုင်တို့အား သေဆုံးလျက် ဆယ်ယူရရှိခဲ့သဖြင့် သံတွဲမြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

### ကျိုက်လှရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွား၍ သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မော်လမြိုင်-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ်(၆၇/၁-၂)ကြား ကျိုက်လှရွာအနီးတွင် ဇန်နဝါရီ ၈ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း ဝေါမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က မော်လမြိုင်ဘက်မှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်နေ စိုင်းစောလင်း မောင်းနှင်လာသော 1K/----- ISUZU လိုက်ထရပ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာနေ မင်းအောင်ဆန်းဦး မောင်းနှင်လာသော 8H/--- လိုက်ထရပ်ယာဉ်အား မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မိမှုကြောင့် ယာဉ်မောင်း စိုင်းစောလင်းနှင့် မင်းအောင်ဆန်းဦး၊ 8H/--- လိုက်ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသော မညို လေးမြင့်ပါ နှစ်ဦးတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် စိုင်းစောလင်းအား ဝေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

### ဘိန်းစိမ်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် သီပေါမြို့မှ နောင်ချိုမြို့သို့ စည်သူ မောင်းနှင်လာသည့် 9A/. . . TOYOTA COROLLA ယာဉ်ကို ရှာဖွေရာ ယာဉ်၏ ဒက်ရှ်ဘုတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ငါးခွက် စုစုပေါင်း အလေးချိန် သုည ဒသမ ၀၆၅ ကီလို၊ ဘိန်းစိမ်း ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၃၅၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ကပင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် လားရှိုးမြို့မှ နောင်ချိုမြို့သို့ စိုင်းလှဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၃၈)မော်လမြိုင်မှ တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အုတ်ဖိုလမ်းနှင့် ရွှေပြည်အေးလမ်းထောင့် လမ်းမပေါ်တွင်တွေ့ရှိသူ နိုင်ဇော်ထွန်း(ခ)တရုတ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါး ရောင်းချသူ မော်လမြိုင်မြို့ ကြာအင်းကျေးရွာ ခရွန်းရပ်ကွက် မွန်စုဆီဆိုင်လမ်းကြား နေ တေဇာအောင်(ခ)အောင်ကိုလတ်(ခ)ကိုလတ်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၊ သံဘူးဖြင့်ထည့်လျက် အိုက်စ် သုည ဒသမ ၀၁၅ ကီလို၊ 9G/. . . .၊ NISSAN AD VAN 12 မော်တော်ယာဉ် တစ်စီးနှင့် မြန်မာကျပ်ငွေ ငါးသိန်းတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



စည်သူအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မုံရွာမြို့ သီရိရတနာဈေးတွင် ဒုတိယအကြိမ် မီးလောင်မှုဖြစ်ပွား

**မုံရွာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ ဈေးများ မီးဘေးကာကွယ်ရေးကို အထူးကြပ်မတ်ဆောင်ရွက်နေသည့် ယခုကာလတွင် မုံရွာမြို့ ဘုရားကြီးရပ်အတွင်းတည်ရှိသော ဈေးဟောင်း(ခ) သီရိရတနာဈေးတွင် ယနေ့ နံနက် ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၃ ရက်အတွင်း မီးနှစ်ကြိမ်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီခွဲက ဆိုင်ခန်းပေါင်း ၇၀ ခန့် မီးလောင်ကျွမ်းခံခဲ့ရပြီး မုံရွာ သီရိရတနာဈေး၏ ဘုရားကြီးလမ်းဘက်မှ အပေါ်ထပ်ဈေးရုံ(၇)ရှိ နေရာချထားခြင်း မရှိသေးသော ရှစ်ပေပတ်လည်ဆိုင်ခန်းတွင် ယနေ့ နံနက် ၃ နာရီခန့်က မီး ထပ်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုမှာ မျက်နှာကြက်တွင် တပ်ဆင်ထားသော နှစ်ပေ မီးချောင်းချပ် အပူလွန်ကဲရာမှ ဝါယာကြိုးပူးပြီး မျက်နှာကြက်သစ်သားတန်းမှတစ်ဆင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

ယင်းမီးလောင်မှုကို ဈေးခေါင်းက ဖုန်းဖြင့် မီးသတ်ဌာနသို့ မီးလောင်နေကြောင်း သတင်းပေးပို့ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ခရိုင် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ သန္ဓေတပ်ဖွဲ့ဝင် ၂၀၊ သီးသန့်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၃၀ တို့က မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကို မုံရွာမြို့နယ် မြို့မရဲစခန်းမှူး ဒု-ရဲမှူး ပြုံးလွင်နှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဈေးခေါင်း ဦးထွန်းဝေအား မုံရွာမြို့ နယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ရုပ်မြင်သံကြားအစီအစဉ်များ
[၁၂ - ၁ - ၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
၈:၄၅ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၀:၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၁:၃၅ ဇန်နဝါရီလအတွက် မိုးလေဝသနှင့်ဇလဗေဒကြိုတင် သတိပြုဖွယ်ရာများ (ဦးလှထွန်း၊ အိတျာမင်းမင်း)
၁၂:၅၀ "လူမှန်နေရာမှန်" (အပိုင်း-၃)
၁:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၆၅)
၁:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၅)
၂:၂၅ ဆိုကြမယ်၊ပျော်ကြမယ်
၃:၃၅ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု)
(ဒဿနိကဗေဒ)
၄:၃၅ လူမှုစီးပွားမြင်ကွင်းများ
၅:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း -စွမ်းဆောင်ရည်ပြည့်ဝသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာရန်လိုအပ်ချက်များ (အပိုင်း-၃)
၆:၃၅ ပြည်သူတို့ရဲ့စကားသံများ
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၆)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း ၂၀၁၅-၂၀၁၆ ခုနှစ်အားကစား ကာယသိပ္ပံကျောင်းများ၏ အားကစားပြိုင်ပွဲများ -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၆) -Yes or No Talk Show (Male of Female) (Part-1)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၄၀ "ဝိပဿနာကျင့်စဉ် အလုပ်ပေးတရား" (အပိုင်း-၄)တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၉၂)
၁၁:၁၅ သွားမယ် စားမယ်[Ramen Bar]
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၄)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၅)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၉)
၄:၀၀ Cartoon Series
(Engligh Play ground)
၅:၁၀ Khin San Win & Pyae Soe Aung Fashion Show organized by John Lwin
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၀)
၇:၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၆)
၈:၁၀ ရသစုံညွှန်းတမ်းများ
၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၃)
၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၅)
၁၀:၀၅ MRTV-4 Stage

### မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၅ မျိုးချစ်တပ်မတော်
၆:၄၅ မှတ်တမ်း
၆:၅၅ မြန်မာသံစဉ်ချိုနားဝင်
၇:၁၀ အမျိုးသားရေးတေးကဗျာ
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၄ အမျိုးသားရေးတေးကဗျာ
၈:၁၀ စိုက်ပျိုးသုတ
၈:၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈:၃၅ ခရီးလည်းသွား စကားလည်းဆို
၈:၄၅ မြဝတီနေ့စဉ်သတင်း
၉:၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄:၀၈ တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
၄:၁၅ အမျိုးသားရေးတေးကဗျာ
၄:၂၀ မျိုးချစ်တပ်မတော်
၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ အင်္ဂလိပ်စာသုတ
၄:၄၅ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ သာယာဦးကြွေးခေတ်ဆန်းတေး
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၈၉)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၀၅ အမျိုးသားရေးတေးကဗျာ
၆:၁၀ Let's Go
၆:၃၅ Dream Team
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၁၇) မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ ဟာသရုပ်စုံ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝသစ်ရဲ့လင်းရောင်စဉ် အပိုင်း(၁၉) မြဝတီရုပ်မြင်သံကြားသတင်း

# ရွှေကမ္ဘာလုံး ဆုရရှိသူများ စာရင်းထုတ်ပြန်ကြေညာ

(၇၃)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် တင်ဆယ်လ်တောင်းမြို့မှာ ကျင်းပခဲ့ရာမှာ စုစုပေါင်းထူးချွန်ဆု ၂၀ ပေးအပ်ချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။ ရုပ်ရှင်နဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွေထဲက သက်ဆိုင်ရာ ကဏ္ဍအလိုက် ထူးချွန်ဆုတွေကို ရွေးချယ်တာဖြစ်ပြီး အော်စကာဆုချီးမြှင့်ပွဲပြီးရင် ရွှေကမ္ဘာလုံးဆုက ကမ္ဘာ့ရုပ်ရှင်ချစ်ပရိသတ်တွေ စိတ်အဝင်စားဆုံးဆုချီးမြှင့်ပွဲဖြစ်ပါတယ်။ ဟောလိဝုဒ်နိုင်ငံခြားရေးရာ စာနယ်ဇင်းကောင်စီရဲ့အဆိုအရတော့ ရွှေကမ္ဘာလုံးဆုရရှိသူတွေက တစ်ခါတလေ ပရိသတ်မှန်းထားတဲ့ အနုပညာရှင်တွေနဲ့ တက်တက်စင်အောင်ကွဲလွဲတတ်တာကြောင့် ဒီဆုပေးပွဲအပေါ် လူစိတ်ဝင်စားမှု အနည်းငယ်လျော့ကျလာတာလို့ ဆိုပါတယ်။






### ၂၀၁၆ ရွှေကမ္ဘာလုံးထူးချွန်ဆုရစာရင်း

| | |
|---|---|
| အကောင်းဆုံးရုပ်ရှင်(ဒရမ်မာ) | The Revenant |
| အကောင်းဆုံးရုပ်ရှင်(ဟာသ) | Martian |
| အကောင်းဆုံး ဒါရိုက်တာ | အလီဂျန်ဒရို အင်နရယ်တူး ( The Revenant) |
| အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု(ဒရမ်မာ) | ဘာရီလာဆင်န်(Room) |
| အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု(ဒရမ်မာ) | လီယိုနာဒို ဒီကာပရီယို ( The Revenant ) |
| အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု(ဂီတ/ဟာသ) | ဂျနီဖာလောရန့်စ်(Joy ) |
| အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု(ဂီတ/ဟာသ) | မက်ဒေမွန်(The Martian) |
| အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု(ဒရမ်မာ) | ကိတ်ဝင်းစလက်(Steve Jobs ) |
| အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆု(ဒရမ်မာ) | ဆီဗက်စတာစတားလုံး(Creed) |
| အကောင်းဆုံးဇာတ်ညွှန်းဆု | အာရွန်ဆော့ကင်(Steve Jobs) |
| အကောင်းဆုံးကာတွန်းဇာတ်ကားဆု | Inside Out |
| အကောင်းဆုံးမူရင်းတေးသီချင်းဆု | Spectre ဇာတ်ကားမှ "Writing's on the Wall, |
| အကောင်းဆုံးရုပ်ရှင်ဇာတ်ကား (နိုင်ငံခြားဘာသာစကားပြော) | Son of Saul |
| အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲ (ဒရမ်မာ) | Mr. Robot |
| အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲ (ဟာသ) | "Mozart in the Jungle" |
| အကောင်းဆုံးရုပ်မြင်သံကြားရုပ်ရှင် | "Wolf Hall" |
| ရုပ်သံဇာတ်လမ်းတွဲအကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု(ဒရမ်မာ) | ဂျန်ဟမ်း(Mad Men ) |
| ရုပ်သံဇာတ်လမ်းတွဲအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု(ဒရမ်မာ) | ပီဟမ်ဆင်န်(Empire") |
| ရုပ်သံဇာတ်လမ်းတွဲအကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု(ဟာသ) | ဂဲလ်ဂါစီယာဘာနယ်လ် (Mozart in the Jungle) |
| ရုပ်သံဇာတ်လမ်းတွဲအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု(ဟာသ) | ရေချယ်လ်ဘလွန်း (Crazy Ex-Girlfriend) |
| ရုပ်မြင်သံကြားရုပ်ရှင်အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု | မူရာတီယာနေ(The Affair ) |
| ရုပ်မြင်သံကြားရုပ်ရှင်အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | စလေတာ(Mr. Robot) |
| ရုပ်မြင်သံကြားရုပ်ရှင်အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု | အော်စကာအိုင်ဆက် ("Show Me a Hero") |
| ရုပ်မြင်သံကြားရုပ်ရှင်အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု | လေဒီဂါဂါ(American Horror Story: Hotel) |

### ဘောလိဝုဒ်ကြယ်ပွင့် ဆူရှန့်ဆင်း ၂၀၁၆ အကုန်တွင် လက်ထပ်မည်ဟု အတည်ပြု

ဘောလိဝုဒ်ကြယ်ပွင့် ဆူရှန့်ဆင်းသည် ကာလကြာရှည်လက်တွဲလာခဲ့သည့် ချစ်သူ အကီတာလော့ဟန်ဒီနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် လက်ထပ်တော့မည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။ ဆူးရှန့်တို့နှစ်ဦးသည် ရုပ်သံဇာတ်လမ်းတွဲတစ်ခု ရိုက်ကူးရင်း စတင်တွေ့ဆုံခဲ့ကြခြင်းဖြစ်ပြီး လက်ထပ်မည့် အစီအစဉ်ကို သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ကြေညာခဲ့ရာ ကာယကံရှင်နှစ်ဦးစလုံးမှာ သက်သောင့်သက်သာရှိနေသည့် အနေအထားကို မြင်တွေ့ခဲ့ရသည်။ သူတို့နှစ်ဦးက လက်ထပ်မည့်နေ့ကို အတိအကျမကြေညာခဲ့သော်လည်း ဒီဇင်ဘာလအတွင်း လက်ထပ်မည်ဆိုသည်မှာမူ သေချာကြောင်း ဆိုခဲ့သည်။

## တိုင်တန်းနစ်ပေါင်းစည်းရေးဖြစ်ခဲ့တဲ့ ရွှေကမ္ဘာလုံးဆုချီးမြှင့်ပွဲ



Titanic ဇာတ်ကားမှ တွဲဖက်သရုပ်ဆောင်နှစ်ဦးဖြစ်တဲ့ လီယိုနာဒို ဒီကာပရီယိုနဲ့ ကိတ်ဝင်းစလက်တို့ရဲ့ ရင်းနှီးမှုကို ဇန်နဝါရီ ၁၀ ရက်ညက ကျင်းပခဲ့တဲ့ ၂၀၁၆ ရွှေကမ္ဘာလုံးဆုချီးမြှင့်ပွဲအခမ်းအနားမှာ ပြန်လည်မြင်တွေ့ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ နှစ်၂၀နီးပါးက ကမ္ဘာတစ်ဝန်း အင်မတန်အောင်မြင်ခဲ့တဲ့ Titanic ဇာတ်ကားမှ ဂျက်နဲ့ ရို့စ်ဇာတ်ကောင်နှစ်ဦး ကြောင့် ပရိသတ်တွေက ပြင်ပလောကမှာပါ သူတို့နှစ်ဦးကို ဒီလိုမျိုးအင်မတန်ချစ်ကြတဲ့ ချစ်သူနှစ်ဦးဖြစ်စေ ချင်ခဲ့ကြပေမယ့် တကယ်လက်တွေ့မှာတော့ နှစ်ပေါင်းများစွာ အချစ်ဆုံးသူငယ်ချင်းတွေအဖြစ်ရှိနေခဲ့တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ဒီနှစ်ရွှေကမ္ဘာလုံးဆုချီးမြှင့်ပွဲမှာ လီယိုနာဒိုက The Revenant ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို ဆွတ်ခူးခဲ့သလို Steve Jobs ရုပ်ရှင်မှာ ကိတ်ဝင်းစလက် ကလည်း အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ဆွတ်ခူးခဲ့တာကြောင့် Titanic ရုပ်ရှင်ဇာတ်ကားနဲ့ သူတို့နှစ်ဦး အတူတကွ ဆုတက်ယူတာကို မြင်တွေ့ ချင်ခဲ့တဲ့ ပရိသတ်တွေရဲ့ ဆန္ဒအနည်းငယ်တော့ ပြည့်ဝခဲ့ တယ်လို့ သုံးသပ်ရမှာပါ။ စင်ပေါ်မှာ အချိန်အတော်ကြာ ပွေ့ဖက် နှုတ်ဆက်ခဲ့တာကြောင့် ဒါကို တိုင်တန်းနစ် ပြန်လည်ပေါင်းစည်းရေးလို့ မီဒီယာတွေက ရေးသားဖော်ပြခဲ့ပါတယ်။

**မေလဲ့သင်း
စုစည်းသည်**

# ဘောလုံးလောကမှ ရှစ်နှစ်ကြာပိတ်ပင်ထားမှု ဆပ်ဘလတ္တာ လျှော်က်လဲချက်တင်မည်



ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်သူ ဆပ်ဘလတ္တာသည် ၎င်းအား ဘောလုံးလောကမှ ရှစ်နှစ်ကြာပိတ်ပင်ခံထားရမှုကို လျှော့က်လဲချက်တင်မည်ဖြစ်ကြောင်း ဆပ်ဘလတ္တာ၏ ရှေ့နေဖြစ်သူ ရစ်ချက်ကူးလန်းက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ဆပ်ဘလတ္တာသည် ယူအီးအက်ဖ်အေဥက္ကဋ္ဌ မိုက်ကယ်ပလာတီနီနှင့်အတူ ၂၀၁၁ ခုနှစ်အတွင်းက ဖြစ်ပေါ်ခဲ့သည့် ပလာတီနီထံသို့ ပေါင် ၁ ဒသမ ၃ သန်းငွေပေးချေခဲ့မှုအပေါ် ပြီးခဲ့သည့်ဒီဇင်ဘာ ၂၁ ရက်က ဖီဖာစည်းမျဉ်း၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဘောလုံးလောကမှ ရှစ်နှစ်ကြာပိတ်ပင်ခြင်းခံခဲ့ရသည်။

ထို့ကြောင့် ဖီဖာ၏ ပိတ်ပင်တားမြစ်ခံရမှုနှင့်စပ်လျဉ်း၍ ဆပ်ဘလတ္တာအနေဖြင့် လျှော့က်လဲချက်တင်သွားမည်ဖြစ်ကြောင်းလည်း အေအက်ဖ်ပီက သတင်းဖော်ပြခဲ့သည်။ ဆပ်ဘလတ္တာနှင့် ပလာတီနီတို့သည် ဇူးရစ်မြို့၌ ရုံးထိုင်ကြားနာခဲ့စဉ်က ၎င်းတို့၏ ရှေ့နေများလာရောက်မှုရှိခဲ့သော်လည်း ၎င်းတို့နှစ်ဦးစလုံးမှာ လာရောက်ခဲ့ခြင်းမရှိခဲ့ပေ။ ယင်းသို့ ရုံးထိုင်ကြားနာစဉ်တွင် ဆပ်ဘလတ္တာနှင့် ပလာတီနီတို့ကို ရှစ်နှစ်ကြာပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတွင်းရော နိုင်ငံပြင်ပမှာပါ ဘောလုံးနှင့်ဆက်စပ်သည့် ဆောင်ရွက်ချက်မှန်သမျှကို လိုက်ပါဆောင်ရွက်ခြင်းမပြုရန်လည်း တားမြစ်ခံခဲ့ရသည်။ ယင်းသို့ ပိတ်ပင်တားမြစ်ခြင်းကို ခံခဲ့ရသည့်အပြင် အမြင့်ဆုံးဒဏ်ကြေးငွေအဖြစ် ဆပ်ဘလတ္တာအား ပေါင် ၃၃၀၀၀ နှင့် မိုက်ကယ်ပလာတီနီအား ပေါင် ၅၃၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်းလည်း သိရသည်။

ဆပ်ဘလတ္တာသည် ၎င်းအား ဘောလုံးလောကမှ ရှစ်နှစ်ကြာပိတ်ပင်ခံရပြီးနောက် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင်မူ ဆုံးခန်းတိုင်အောင် တိုက်ပွဲဝင်သွားမည်ဟုဆိုခဲ့ပြီး လက်ရှိတွင် ရှစ်နှစ်ကြာပိတ်ပင်ခံရမှုအား လျှော့က်လဲချက်တင်မည်ဟု သတင်းထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဆပ်ဘလတ္တာသည် ဖီဖာအကြီးအကဲအဖြစ် ၁၉၉၈ ခုနှစ်ကတည်းက တာဝန်ယူခဲ့သူဖြစ်သည်။

ယင်းသို့ ရှစ်နှစ်ကြာ ဘောလုံးလောကသို့ ဝင်ရောက်ခြင်းမပြုရန်ပိတ်ပင်ခဲ့မှုကို တိုက်ဖျက်ရန် ပြင်းထန်သောသန္နိဋ္ဌာန်ချထားခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည့် ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲမတိုင်မီ အပြီးဆောင်ရွက်သွားနိုင်ရန်လည်း ပလာတီနီက မျှော်လင့်ထားသည်။

အမေရိကန်တရားရေးဌာနကလည်း အကျင့်ပျက်ခြစားမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ ဆပ်ဘလတ္တာနှင့် မိုက်ကယ်ပလာတီနီအပါအဝင် ၃၉ ဦးနှင့် ကုမ္ပဏီနှစ်ခုကို တရားစွဲဆိုထားပြီး ဖီဖာတာဝန်ရှိသူ စုစုပေါင်းကိုးဦးကိုလည်း ဖမ်းဆီးထားခဲ့သည်။

**(ငွေကြယ်)**

## ဂွါဒီယိုလာကို သတိပေးစကားဆိုခဲ့တဲ့ ကလော့

အင်္ဂလိပ်ဘောလုံးလောကဟာ ပွဲဆက်တွေများတာကြောင့် ပရီမီယာလိဂ်ကိုလာမယ်လို့ ပြောထားတဲ့ ဂွါဒီယိုလာအနေနဲ့ ဒီအတွက် အသေအချာပြင်ဆင်ထားသင့်တယ်လို့ လီဗာပူးနည်းပြကလော့က သတိပေးစကားဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလလယ်က ဂွါဒီယိုလာက ဘိုင်ယန်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးရင် အသင်းကနေ ထွက်ခွာတော့မယ်လို့ ပြောခဲ့တာကြောင့် သူ့ကိုလိုချင်တဲ့ အသင်းတွေက ခေါ်ယူဖို့ အသင့်ပြင်လာခဲ့ပါတယ်။ ဇန်နဝါရီလအတွင်းမှာပဲ ဂွါဒီယိုလာက သူဟာပရီမီယာလိဂ်ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အသင့်ရှိနေပြီလို့ ဆိုခဲ့တာကြောင့် ကလော့က အခုလို သတိပေးစကားဆိုခဲ့တာဖြစ်ပါတယ်။

ဘွန်ဒက်စ်လီဂါမှာ ကျင်လည်ခဲ့တဲ့ ဂွါဒီယိုလာနဲ့ ကလော့တို့နှစ်ဦးဟာ တစ်ယောက်အကြောင်း တစ်ယောက်သိသူတွေဖြစ်တာကြောင့် ပွဲဆက်များတဲ့ ပရီမီယာလိဂ်ဟာ ဘွန်ဒက်စ်လီဂါထက် ပိုပြီးခက်ခဲကြမ်းတမ်းတဲ့ အနေအထားရှိတယ်ဆိုတာ ပရီမီယာလိဂ်ကို အရင်ကြုံရောက်နေတဲ့ ကလော့က သတိပေးခဲ့တာဖြစ်ပါတယ်။ ကလော့က လီဗာပူးဟာ ကစားသမားအများစု ဒဏ်ရာမရခင်က ရလဒ်ကောင်းပေမယ့် ဒီဇင်ဘာနဲ့ ဇန်နဝါရီပွဲကြပ်ကာလမှာ အဓိကကစားသမား အများစု ဒဏ်ရာရခဲ့ပြီးနောက် ရလဒ်တွေ ကျဆင်းခဲ့တာကိုကြည့်ရင် သိနိုင်ပါတယ် လို့လည်း ပရီမီယာလိဂ်ရဲ့ခက်ခဲမှုကို ဥပမာပြခဲ့ပါတယ်။ ဒါကြောင့် ဂွါဒီယိုလာလို အတွေ့အကြုံရင့်ကျက်သူတစ်ဦးအနေနဲ့ သူကိုင်တွယ်မယ့်အသင်းမှာ အနည်းဆုံးကစားသမား ၃၅ ဦးလောက်ရှိရမယ်ဆိုတာကို သဘောပေါက်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ဆိုပါတယ်။ **(မေလှဲ့သင်း)**

## ဘာလွန်ဒီအောဆုအကြောင်း စဉ်းစားထားခြင်းမရှိဟု ဂါရတ်ဘေးလ်ဆို




ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်က အသင်းအောင်မြင်မှုရရှိရေးအတွက် စိတ်ဝင်စားပြီး တစ်ဦးချင်းထူးချွန်ဆုဖြစ်သည့် ဘာလွန်ဒီအောဆု(ကမ္ဘာ့ အကောင်းဆုံးကစားသမားဆု)အကြောင်း စဉ်းစားထားခြင်းမရှိဟု ဖွင့်ဟခဲ့သည်။ ဂါရတ်ဘေးလ်၏ ရီးယဲလ်အသင်းဖော် စီရိုနယ်လ်ဒိုနှင့် ဘာစီလိုနာတိုက်စစ်အတွဲဖြစ်သည့် မက်ဆီ၊ နေမာတို့မှာ ယခုနှစ် ဘာလွန်ဒီအောဆု ဆန်ခါတင်စာရင်းတွင် ပါဝင်နေသည်။ ထို့ကြောင့် ဘေးလ်အား မကြာမီနှစ်များအတွင်း ဘာလွန်ဒီအောဆုရရှိနိုင်ရန် ရည်မှန်းထားသလားဟုမေးမြန်းခဲ့ရာ ၎င်းက အသင်းအောင်မြင်ရေးအတွက်သာ အာရုံစိုက်ထားပြီး တစ်ဦးချင်းဆုတံဆိပ်များအပေါ် စိတ်ဝင်စားခြင်းမရှိဟု ပြန်လည် ဖြေကြားခဲ့သည်။

မကြာသေးမီကပင် ဘေးလ်၏ ကိုယ်စားလှယ်ဖြစ်သူက သူ၏ ကစားသမားမှာ မဝေးတော့သည့် အနာဂတ်ကာလအတွင်း ဘာလွန်ဒီအောဆုရရှိရန် ရည်မှန်းထားကြောင်းပြောခဲ့သော်လည်း ဘေးလ်ကမူ တစ်ဦးချင်းဆုတံဆိပ်များအပေါ် မည်သည့်အခါကမျှ စိတ်ဝင်စားမှုမရှိခဲ့ကြောင်း တုံ့ပြန်လိုက်သည်။

ဘေးလ်က "ကျွန်တော့်အတွက် အသင်းနဲ့ရနိုင်သမျှ ဆုဖလားတွေသာ သိမ်းပိုက်ရယူဖို့ကိုပဲ အမြဲတွေးထားပါတယ်။ ဒါကြောင့် တစ်ဦးချင်းဆုတံဆိပ်တွေအပေါ် စိတ်မဝင်စားသလို တွေးလည်း မတွေးထားပါဘူး"ဟု ဆိုသည်။ ဘေးလ်က ၂၀၁၃-၂၀၁၄ ဘောလုံးရာသီ၌ စပါးမှ ရီးယဲလ်သို့ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ ပွဲစဉ်(၁၄)ပွဲ ဝင်ရောက်ကစားပေးခဲ့ရာ၌ သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ဘင်နီတက်ဇ်အား ရီးယဲလ်မှ ထုတ်ပယ်ပြီးနောက် ၎င်းအနေဖြင့် စိတ်ထိခိုက်ရကြောင်း ပြောခဲ့သဖြင့် ရီးယဲလ်မှ ထွက်ခွာတော့မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နည်းပြသစ် ဇီဒန်းလက်အောက် ပထမဆုံးကစားခဲ့သည့် ဒီပိုတီပိုနှင့်ပွဲစဉ် တွင်မူ ဟက်ထရစ်(တစ်ပွဲတည်း သုံးဂိုး)သွင်းယူနိုင်ခဲ့သည်။

**(မေလှဲ့သင်း)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သုတေသနလုပ်ငန်း၊ အားကစား၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာ၊ လက်မှုလုပ်ငန်းများတွင် စံပြထိုက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၄ရက် (၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ရက်)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သည့် ဇေယျာလူမှုထူးချွန်ဆု(ဒုတိယဆင့်) ကို ဗိုလ်ချုပ်ဇေယျကျော်ထင်ဉာဏ်ထွန်း (ငြိမ်း) (စစ်အင်ဂျင်နီယာညွန်ကြားရေးမှူး-ငြိမ်း)မှ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**စစ်အင်ဂျင်နီယာညွန်ကြားရေးမှူးရုံးမိသားစု**

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မဟာသရေစည်သူဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့အား အမှူးထား၍
ပဲခူးမြို့နေ ဦးသက်လွင်-ဒေါ်မြသိန်းတို့၏သား

ဒေါက်တာအောင်ဖြိုးခိုင် (B.V.Sc)

Section Manager (Myanmar C.P. Livestock Co.,Ltd)

နှင့်

နေပြည်တော်နေ
ဦးဝင်းနောင်(ကျောင်းအုပ်ကြီး၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-
ဒေါ်နွဲ့နွဲ့ဝင်း("ရတနာ"ရွှေဆိုင်)တို့၏သမီး

ဒေါက်တာနွဲ့လေးနောင် (B.V.Sc)

M.B.A(1st Semester)(Vitoria University, Switzerland)

တို့၏ ၁၀-၁-၂၀၁၆ရက် နေပြည်တော် MICC-2 မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်နှင်းဝေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သီရိပျံချီဗိုလ်ချုပ်စိုးနိုင်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၊ ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (ပြည်သူ့လွှတ်တော်)နှင့် ဇနီး ဒေါ်တင်တင်လတ် (ဒုတိယဥက္ကဋ္ဌ-မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်)၊ မင်္ဂလာဆွဲကြိုး ချီးမြှင့်ပေးပါသော သီရိပျံချီဦးအုန်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်နုနုဆွေ တို့နှင့် မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးသည့် ဧည့်သည်တော်များ၊ မင်္ဂလာပွဲကျင်းပရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာအောင်ဖြိုးခိုင်-ဒေါက်တာနွဲ့လေးနောင်**

SHWE BANK

# ကျေးဇူးအထူးတင်ရှိခြင်း

၁၁. ၁ .၂၀၁၆ ရက်နေ့တွင် ကျင်းပခဲ့သည့် **" ရွှေဘဏ် "** (ရွှေကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး His Excellency Tateshi HIGUCHIနှင့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ သမဝါယမဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင် အသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းဘဏ်များ၏ ဥက္ကဋ္ဌများနှင့် အကြီးတန်းစီမံခန့်ခွဲသူများ၊ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားဘဏ်ခွဲများမှ တာဝန်ရှိသူများ၊ နိုင်ငံခြားဘဏ်ရုံးခွဲများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများမှ အလုပ်အမှုဆောင်များ၊ ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းစာ ဆရာများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဂုဏ်ပြုလက်ဆောင်များပေးပို့ ချီးမြှင့်ကြပါသော အဖွဲ့အစည်းများနှင့်မိတ်ဆွေသင်္ဂဟများ၊ တက်ရောက်ချီးမြှင့်ကြသော ဧည့်သည်တော်များ၊ ဖွင့်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြ သူများအား အထူးကျေးဇူးတင်ရှိပါသည်။

**"ရွှေဘဏ်"**

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်
ဘဏ်ဝန်ထမ်းများ

# ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) ရထားအဖွဲ့အစည်းအချင်းချင်း ရထားလမ်းဆက်စပ်လျက်ရှိလျှင် သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခု၏ လမ်းဆုံးဘူတာသည် အခြားရထားအဖွဲ့အစည်းတစ်ခု၏ဘူတာနှင့် နှစ်ကီလိုမီတာခန့် ကွာဝေးလျှင် ရထားအဖွဲ့အစည်းတို့သည် ပုဒ်မခွဲ (က)နှင့် (ခ) တို့နှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေစွာ ပို့ဆောင်ပေးရမည်။

(ဃ) တစ်ဖက်ရထားအဖွဲ့အစည်းက ယင်းတို့၏ ကုန်စည်များကို တောက်လျှောက် သယ်ပို့ခနှုန်းဖြင့် တစ်ဖက်နှင့်တစ်ဖက်ကူးပြောင်း သယ်ယူပို့ဆောင်ပေးရန်ရှိသည့်အခါ ယင်းကုန်စည်များကို လက်ခံခြင်း၊ ပို့ဆောင်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင်ပြေချောမောစွာပြုလုပ်နိုင်ရန် ရထားအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

(င) ရထားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်၍ အဆင်မပြေပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်အတိုင်း လိုက်နာရမည်။

၄၆။ ရထားအဖွဲ့အစည်းသည် ကုန်စည်များထားသိုရန် ဝန်ဆောင်ခကောက်ခံရာတွင် ဆောက်လုပ်ပေးရသည့် အဆောက်အအုံများအတွက် အမှန်တကယ်ကုန်ကျခဲ့သည့် ကုန်ကျငွေအပေါ်တွင် အခြေမခံဘဲ လက်ရှိလက်ခံထားသည့် ကုန်စည်များအတွက် ကုန်ကျနိုင်သည့် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်ငွေကို အခြေခံ၍ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့်ဝန်ဆောင်ခကို ကောက်ခံနိုင်သည်။

**အခန်း(၁၁)**

**ရထားဝန်ထမ်းများဆိုင်ရာ အလုပ်ချိန်သတ်မှတ်ချက်များ**

၄၇။ ရထားအဖွဲ့အစည်းတွင် လုပ်ငန်းသဘာဝအရ ရထားဝန်ထမ်းများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်သည်-

(က) ရုံးချိန်အတွင်း တာဝန်ထမ်းဆောင်ရသော ရုံးဝန်ထမ်းများ၊

(ခ) စက်ရုံနှင့် အလုပ်ရုံဝန်ထမ်းများ၊

(ဂ) ရထားခရီးစဉ်ဇယားအလိုက် တာဝန်ထမ်းဆောင်ရသူများ၊

(ဃ) လုပ်ငန်းသဘာဝအရ တာဝန်ထမ်းဆောင်သူများ။

၄၈။ (က) ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) ပါ ဝန်ထမ်းများသည် အလုပ်ရုံများဥပဒေနှင့် ထိုဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရမည်။

(ခ) ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) ပါဝန်ထမ်းများကို-

(၁) မည်သည့်လတွင်မဆို တစ်ပတ်လျှင် အလုပ်လုပ်ချိန် နာရီ ၆၀ ထက် ကျော်လွန်ခြင်း မရှိစေရ။

(၂) ရက်သတ္တပတ်တိုင်း တစ်ဆက်တည်း နှစ်ဆယ့်လေးနာရီထက် မနည်း နားချိန်ပေးရမည်။

၄၉။ အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ရစေကာမူ ဝန်ထမ်းတာဝန်ထမ်းဆောင်ရသော အချိန်ကာလတွင် ကိုယ်ကာယအားထုတ်ရမှုနှင့် ဉာဏအားစိုက်ထုတ် ဆောင်ရွက်ရမှုမရှိသော ကာလများပါဝင်မှုကြောင့် လုပ်ငန်းသဘာဝအရ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခြင်း မပြုရသူဟု အခွင့်အာဏာပိုင်က သတ်မှတ်သောဝန်ထမ်းများအတွက် အလုပ်လုပ်ချိန်နှင့် အနားယူချိန်ကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) မည်သည့်သီတင်းပတ်တွင်မဆို အလုပ်ချိန် စုစုပေါင်း ၈၄ နာရီ ထက် ကျော်လွန်ခြင်း မရှိစေရ။

(ခ) တစ်ပတ်အတွင်း တစ်ဆက်တည်း အနားယူခွင့်ကာလကို ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးနိုင်သည်။

၅၀။ ရထားမတော်တဆမှုဖြစ်ပွားခြင်း၊ စက်ခေါင်း၊ တွဲ၊ ယာဉ်နှင့် စက်ကိရိယာများ အရေးတကြီး ပြုပြင်မွမ်းမံရခြင်း၊ မမျှော်လင့်သော အရေးပေါ်အခြေအနေဖြစ်ပွားခြင်းတို့ရှိပါက ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သည့် အလုပ်လုပ်ချိန်ထက် ကျော်လွန်နိုင်သကဲ့သို့ ခွင့်ပြုသည့်အနားယူချိန်ကိုလည်း လျှော့ချနိုင်သည်။

၅၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) ပါဝန်ထမ်းများအတွက် သင့်တင့်မျှတသော အလုပ်လုပ်ချိန်နှင့်အနားယူချိန်တို့ ခံစားနိုင်စေရန် ရထားစင်းရေနှင့် လုပ်ငန်းပမာဏများပြားမှုကို စစ်ဆေးရေးအဖွဲ့ဖြင့် အခါအားလျော်စွာစိစစ်၍ အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ကို ပြင်ဆင်နိုင်ရန် လည်းကောင်း၊ လိုအပ်ပါက ဝန်ထမ်းဦးရေ ပြင်ဆင်ဖွဲ့စည်းနိုင်ရန်လည်းကောင်း ဆောင်ရွက်နိုင်သည်။

**အခန်း(၁၂)**

**ရထားအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅၂။ ရထားအဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကုန်စည်လက်ခံ သိုလှောင်သိမ်းဆည်းထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊ ခရီးသည်ဆိုင်ရာကိစ္စရပ်များ၊ အမြန်နှုန်းသတ်မှတ်ခြင်းနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များအတွက် လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(ခ) ဤဥပဒေပါ စီမံခန့်ခွဲရေးအရ အရေးယူခြင်းနှင့် ပြစ်မှုကြောင်းအရ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်နည်းလမ်းများကို သတ်မှတ်ခြင်း။

၅၃။ ရထားအဖွဲ့အစည်းများသည် ရထားပြေးဆွဲရေးအတွက် အသုံးပြုမည့် စက်ခေါင်း၊ တွဲ၊ စက်ရုံ၊ စက်ပစ္စည်း တည်ဆောက်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်းနှင့် ငှားရမ်းခြင်းတို့အတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်းတစ်ခုခုနှင့် သဘောတူစာချုပ် ချုပ်ဆိုလုပ်ကိုင်ခွင့်ရှိသည်။

၅၄။ ရထားအဖွဲ့အစည်းများသည် ရထားလမ်းတစ်ခုခုကို စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးချခြင်းနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်းတစ်ခုခုနှင့် သဘောတူစာချုပ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၅၅။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်ကိုရေးဆွဲပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထိုသို့ရေးဆွဲရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် ညီညွတ်စေရမည်။

၅၆။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံငွေ၊ ဝင်ငွေနှင့် လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်သွင်းရမည်။

**အခန်း(၁၃)**

**ကုန်စည်သယ်ယူပို့ဆောင်ခြင်း**

၅၇။ ကုန်စည်အပ်နှံသူသည်-

(က) မိမိ၏ကုန်စည်အမျိုးအမည်စာရင်းကို စာဖြင့်ရေးသား၍ မိမိအပ်နှံမည့်ဘူတာရှိ သက်ဆိုင်ရာဝန်ထမ်းသို့ ပေးအပ်သည့် ကုန်စည်စာရင်းမိတ္တူကို လက်ဝယ်တွင်ထားရှိရမည်။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့်ကုန်စည်များ၊ သတ်မှတ်ချက်များနှင့်မညီသည့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်များ၊ အများပြည်သူအတွက် မနှစ်မြို့ဖွယ်ရာကုန်စည်များနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းကဖြစ်စေ တားမြစ်ထားသည့် ကုန်စည်များကို အပ်နှံခြင်းမပြုရ။

၅၈။ သက်ဆိုင်ရာရထားဝန်ထမ်းသည်-

(က) ကုန်စည်လက်ခံခြင်း၊ စစ်ဆေးခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းများကို ကုန်စည်သယ်ယူ ပို့ဆောင်မှုဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရထားပေါ်ရှိ ပိုင်ရှင်မဲ့ကုန်စည်များကို သင့်လျော်သလို စီမံခန့်ခွဲနိုင်သည်။

၅၉။ ရထားအဖွဲ့အစည်းများသည် ကုန်စည်သယ်ဆောင်ရသည့်အတွက် ရထားတန်ဆာခ၊ ကုန်လှောင်ရုံခ၊ ဝန်ဆောင်ခ၊ ကြန့်ကြာကြေးအတွက် ကုန်ဒဏ်၊ တွဲဒဏ်နှင့် အခြားကုန်ကျစရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခွင့်ရှိသည်။

**အခန်း(၁၄)**

**ခရီးသည်သယ်ယူပို့ဆောင်ခြင်း**

၆၀။ ရထားအဖွဲ့အစည်းများသည်-

(က) ပြေးဆွဲမည့် ရထားအဆင့်အတန်းနှင့် ညီညွတ်သည့်တွဲများ၊ ဝန်ဆောင်မှုများဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရမည်။

(ခ) ဘူတာများတွင် ခရီးသည်များသိရှိစေရန် ရထားအချိန်စာရင်းများ၊ လက်မှတ်ခနှုန်းထားများ၊ အသိပေးဆိုင်းဘုတ်များထားရှိခြင်းနှင့် ကြေညာခြင်းများ ဆောင်ရွက်ရမည်။

(ဂ) ဘူတာများတွင် ရထားစီးခရီးသည်ပမာဏနှင့် သင့်တင့်လျောက်ပတ်သည့် အများသုံး သန့်ရှင်းသောရေအိမ်သာများ ထားရှိရမည်။

(ဃ) ကူးစက်တတ်သည့် ရောဂါရှိသော ခရီးသည်ကို အထူးခွင့်ပြုချက်ဖြင့် တာဝန်ရှိ ရထားဝန်ထမ်းက သီးသန့်တွဲတွင် သီးခြားနေရာ ခွဲခြားစီစဉ်ပေးနိုင်သည်။

(င) ရထားခရီးစဉ်အတွင်း ခရီးသည်များ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားရှိရမည်။

(စ) ရထားစီးခရီးသည် သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ လည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးသော အခြားလုပ်ငန်းတာဝန်များကို လည်းကောင်း ဆောင်ရွက်ရမည်။

၆၁။ ရထားစီးခရီးသည်များသည် ရထားလက်မှတ်နှင့်စပ်လျဉ်း၍ တားမြစ်ချက်များ၊ စည်းကမ်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ချက်များကို လိုက်နာရမည်။

**အခန်း(၁၅)**

**ရထားအဖွဲ့အစည်းများ၏ ပို့ဆောင်ရေးဆိုင်ရာတာဝန်များ**

၆၂။ ရထားဖြင့် ပို့ဆောင်ပေးရန် ရထားအဖွဲ့အစည်းအား အပ်နှံထားသော ကုန်စည်များ ပျောက်ဆုံးခြင်း၊ ယိုယွင်းပျက်စီးခြင်း၊ တိရစ္ဆာန်များပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေကျေခြင်းများရှိခဲ့လျှင် ရထားအဖွဲ့အစည်းသည် ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ တည်ဆဲပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၅၁၊ ၁၅၂ နှင့် ၁၆၁ တို့ပါ ပြဋ္ဌာန်းချက်များအရ ခေတ္တအပ်နှံခြင်းခံရသူ၏တာဝန်များအတိုင်း ဆောင်ရွက်ရမည်။

၆၃။ ရထားအဖွဲ့အစည်းအား ရထားဖြင့်ပို့ဆောင်ပေးရန် အပ်နှံသောကုန်စည်များ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ နှောင့်နှေးကြန့်ကြာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းတို့အတွက် အထောက်အထားခိုင်လုံစွာဖြင့် လျော်ကြေးတောင်းခံနိုင်သည်။

၆၄။ လက်ဆွဲတန်ဆာပြုလုပ်ထားခြင်းမရှိသော ခရီးသည်နှင့်အတူသယ်ဆောင်လာသည့်ပစ္စည်းများ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်း ရှိခဲ့လျှင် ရထားအဖွဲ့အစည်းက ပေးလျော်ရန် တာဝန်မရှိစေရ။

၆၅။ အဖိုးတန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ နှုန်းထားကောက်ခံခြင်း၊ ပျက်စီးမှု၊ ပျောက်ဆုံးမှုအတွက် လျော်ကြေးတောင်းခံခြင်းဆိုင်ရာ ကိစ္စများကို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၆၆။ ကုန်စည်များကို ရထားဖြင့် ပို့ဆောင်ရာတွင် ကျသင့်သည့် တန်ဆာခထက် ပိုမိုကောက်ခံခဲ့သည့်ငွေကိုလည်းကောင်း၊ ပို့ဆောင်ရန်အပ်နှံသည့် ကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်းနှင့် ယိုယွင်းပျက်စီးခြင်းတို့အတွက် လျော်ကြေးငွေကိုလည်းကောင်း တောင်းခံလိုသူသည် အပ်နှံသည့်နေ့မှ ခြောက်လအတွင်း ရထားအဖွဲ့အစည်းထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှ တစ်ဆင့်ဖြစ်စေ၊ စာဖြင့် တရားဝင်ရေးသားတောင်းဆိုမှသာ ပြန်အမ်းငွေ သို့မဟုတ် လျော်ကြေးငွေကို ရထိုက်ခွင့်ရှိသည်။

၆၇။ ကုန်စည်အမျိုးအမည်စာရင်းများကို တမင်မမှန်မကန်ဖော်ပြပေးအပ်ခဲ့လျှင် ထိုကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်းတို့အတွက် ရထားအဖွဲ့အစည်း၌ လျော်ကြေးပေးရန် တာဝန်မရှိစေရ။

၆၈။ ရထားအဖွဲ့အစည်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အဖွဲ့အစည်းများအကြား ခရီးသည်နှင့် ကုန်စည်များကို ခရီးစဉ်အစမှအဆုံးထိ ပို့ဆောင်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ခရီးသည်များ သေဆုံးဒဏ်ရာရမှု၊ ကုန်စည်များ ပျောက်ဆုံးမှု၊ ထိခိုက်ပျက်စီးမှု၊ ယိုယွင်းပျက်စီးမှုများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက် လျော်ကြေးရရှိရန် သက်ဆိုင်ရာရထားအဖွဲ့အစည်းအပေါ်တွင် နည်းလမ်းတကျ တောင်းခံနိုင်ခွင့်ရှိသည်။

၆၉။ ဤအခန်းပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရထားအဖွဲ့အစည်းတစ်ခုခုသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတောအတွင်း အောက်ပါအခြေအနေတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါက အဆိုပါကုန်စည် ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်းပြုလုပ်ရာတွင် မပြည့်စုံမှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့က မလျော်မကန်ပေါ့ဆစွာ ကုန်စည် ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု၊ သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု သို့မဟုတ် ကုန်စည်၏ ပင်ကိုသဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကိုလုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုအပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ ပေါ်ပေါက်မှု။

**အခန်း(၁၆)**

**မတော်တဆဖြစ်ပွားမှုများ**

၇၀။ (က) ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် မတော်တဆမှုအဖြစ် သတ်မှတ်ထားသောဖြစ်ရပ်တစ်ခုခုဖြစ်ပွားလျှင် ရထားမှတာဝန်ရှိသူသည် အနီးဆုံးဘူတာရုံပိုင်ထံသို့ ချက်ချင်းသတင်းပေးပို့ရမည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် မတော်တဆမှု သတင်းရရှိသည့်အခါ ရထားမတော်တဆဖြစ်ပွားမှု အခြေအနေများကို ဝန်ကြီးဌာနနှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းသတင်းပေးပို့ အစီရင်ခံရမည်။

၇၁။ မတော်တဆမှုနှင့်ပတ်သက်၍ အစီရင်ခံတင်ပြခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၇၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားတွင် မတော်တဆမှုဖြစ်ပွားခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူတစ်ဦးက ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုအတွက် လျော်ကြေးပေးရန် ကိစ္စကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်စေရမည်။

(ခ) ရထားအဖွဲ့အစည်းတစ်ခုခု၏ မတော်တဆမှုကြောင့် အခြားရထားအဖွဲ့အစည်းပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးလျှင် ယင်းပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသောသက်ဆိုင်ရာ ရထားအဖွဲ့အစည်းကို သတ်မှတ်ချက်နှင့်အညီဆုံးဖြတ်သည့် ပျက်စီးဆုံးရှုံးမှု တန်ဖိုးအတိုင်း ပေးလျော်စေရမည်။

**အခန်း (၁၇)**

**စီမံခန့်ခွဲရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်ဒဏ်**

၇၃။ မည်သူမျှ-

(က) လူစီးရထားတွဲပေါ်တွင် တန်ဆာမဲ့ကုန်စည်များ တင်ဆောင်ခြင်း မပြုရ။

(ခ) လူစီးရထားတွဲပေါ်တွင် ကုန်စည်များကို တန်ဆာမဲ့တင်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် လူစီးရထားတွဲအနီး၌ဖြစ်စေ၊ ဘူတာရုံ၊ ဘူတာဥပစာနှင့် ဘူတာရပ်ဝန်းအတွင်း၌ဖြစ်စေ ကုန်စည်များ စုပုံထားရှိခြင်းမပြုရ။

(ဂ) အမှန်ကျသင့်သည့် တန်ဆာခထက် လျှော့နည်းပေးဆောင်ရန် ရည်ရွယ်ချက်ဖြင့် ကုန်စည်၏ အမျိုးအမည်နှင့် အလေးချိန်ကို မမှန်မကန် ဖော်ပြခြင်းမပြုရ။

(ဃ) သီးသန့်တွဲ သို့မဟုတ် ခရီးသည် အပြည့်ရှိနေသည့် လူစီးတွဲအတွင်းသို့ ဝင်ရောက်ခြင်းမပြုရ သို့မဟုတ် ထိုသို့ဝင်ရောက်သည့်အတွက် ထွက်သွားခိုင်းသည်ကို ငြင်းဆန်ခြင်းမပြုရ။

(င) ဘူတာရုံ၊ ဘူတာဥပစာ၊ ဘူတာရပ်ဝန်း၊ ရထား၊ ရထားလမ်းယာဉ်တို့တွင်လည်းကောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အများပြည်သူသိရှိရန်အတွက် လည်းကောင်း၊ ရေးသားထားခြင်း၊ ကပ်ထားခြင်း၊ စိုက်ထူထားခြင်းများ ပြုလုပ်ထားသည့်အရာများအား တမင်ပျက်ယွင်းစေခြင်း၊ ရေးသားချက်များကို ဖျက်ခြင်း၊ ပြင်ခြင်း သို့မဟုတ် ဆွဲဖြုတ်ဖယ်ရှားခြင်းမပြုရ။

(စ) တာဝန်ရှိရထားဝန်ထမ်းက ကူးစက်ရောဂါရှိသူများအတွက် သီးခြားနေရာချထားပေးခြင်းကို လိုက်နာမှုမရှိဘဲ ရထားစီးနင်းခြင်း မပြုရ။

(ဆ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းခြင်း၊ နေထိုင်ခြင်းမပြုရ။ **စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ဇ) ရထားလက်မှတ်မပါဘဲသော်လည်းကောင်း၊ ရထားလက်မှတ်ပါ ခရီးစဉ်ထက် ကျော်လွန်စီးနင်းခြင်းသော်လည်းကောင်း၊ ရထားလက်မှတ်ပါ အတန်းအစား သတ်မှတ်ချက်ထက်မြင့်သောအတန်းအစားတွင် သွားရောက်စီးနင်းခြင်းသော်လည်းကောင်းမပြုရ။

(ဈ) ရထားလက်မှတ်ပေါ်တွင် ဖော်ပြထားသည့် သုံးစွဲခွင့်ရှိသည့်ကာလ၊ ရက်စွဲ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ ဘူတာဖော်ပြချက်၊ လူဦးရေနှင့် စာသားတို့ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ပစ်ခြင်းမပြုရ။

(ည) ခရီးတစ်ခုအတွက် ရောင်းချထားသော ရထားလက်မှတ်ကိုဖြစ်စေ၊ အသွားအပြန် ရထားလက်မှတ်ကိုဖြစ်စေ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း၊ ယင်းသို့ဆောင်ရွက်ရန် အားထုတ်ခြင်းမပြုရ။

(ဋ) တာဝန်ရှိရထားဝန်ထမ်းက ရထားစီး ခရီးသည်အား ရထားလက်မှတ်ပြသရန် တောင်းခံသည့်အခါ ပြသရန် ပျက်ကွက်ခြင်း မရှိစေရ။

၇၄။ မည်သည့် တိရစ္ဆာန်များ၏ ပိုင်ရှင် သို့မဟုတ် ကြီးကြပ်သူမျှ တိရစ္ဆာန်များ မဝင်ရန် သင့်လျော်သော အကာအရံ သို့မဟုတ် ခြံစည်းရိုးကာရံထားသော ရထားလမ်းနယ်မြေအတွင်းသို့ တိရစ္ဆာန်ကိုမောင်းနှင်ခြင်း၊ ကျော်နင်းဝင်ရောက်စေခြင်း သို့မဟုတ် လွှတ်ကျောင်းခြင်းမပြုရ။

၇၅။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၃ နှင့် ၇၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (က) မှ (ဂ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက ထိုသူကို ကုန်တင်တန်ဆာခ၏ သုံးဆနှင့်ညီမျှသော ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ခ) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဃ) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ ထိ ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ဂ) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဇ) မှ (ဋ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်သောဒဏ်ငွေတပ်ရိုက်ခြင်း၊

(ဃ) ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၄ ပါ တားမြစ်ချက်ကိုဖောက်ဖျက်သူအား တိရစ္ဆာန်တစ်ကောင်လျှင် ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထို့ပြင်ရထားမောင်းနှင်လာစဉ် ဘေးအန္တရာယ်ဖြစ်စေရန် ရထားလမ်းနယ်မြေအတွင်းသို့ တိရစ္ဆာန်ကို တမင်မောင်းသွင်းလျှင် သို့မဟုတ် ထိုသို့ဝင်ရောက်ရန် သိလျက်နှင့်ခွင့်ပြုလျှင် ထိုသူကို တိရစ္ဆာန်တစ်ကောင်လျှင် ကျပ် ၁၀၀၀၀၀ ထက်မပိုသော ဒဏ်ငွေတပ်ရိုက်ခြင်း။

၇၆။ ရထားအဖွဲ့အစည်းသည်-

(က) ပုဒ်မ ၇၅ အရ စီမံခန့်ခွဲရေး ပြစ်ဒဏ်အဖြစ် ဒဏ်ငွေချမှတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးထံ သတ်မှတ်ထားသော ပုံစံနှင့်အတူ ဆောလျင်စွာ အစီရင်ခံရမည်။

(ခ) ချမှတ်ထားသော ဒဏ်ငွေများကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ ငွေစာရင်းသို့ သတ်မှတ်ချက်များနှင့်အညီ ဆောလျင်စွာ ပေးသွင်းရမည်။

၇၇။ (က) ပုဒ်မ ၇၅ အရ တပ်ရိုက်သော စီမံခန့်ခွဲရေးဒဏ်ငွေကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၇၈။ (က) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ ရထားအဖွဲ့အစည်း အကြီးအမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ရက်ပေါင်း ၆၀ အတွင်း အယူခံနိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအကြီးအမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း(၁၈)
## တားမြစ်ချက်များ

၇၉။ မည်သူမျှရထား၊ ရထားစီးခရီးသည် သို့မဟုတ် ရထားပေါ်ရှိ တာဝန်ရှိသူတစ်ဦးဦးနှင့် ရထားပေါ်ရှိ ကုန်စည်များကို ဘေးအန္တရာယ်ကျရောက်စေရန် ကြံရွယ်ချက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ် ကျရောက်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ရထားလမ်းပေါ်သို့ သစ်တုံး၊ ကျောက်ခဲ သို့မဟုတ် အခြားပစ္စည်းတစ်စုံတစ်ရာကို တင်ထားခြင်း၊ ပစ်ချထားခြင်း၊

(ခ) ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် အခြားတစ်စုံတစ်ရာ ပြုလုပ်ခြင်း၊

(ဂ) ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့် ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) လမ်းလွှဲများနှင့် ရထားစက်ကိရိယာများကို လှည့်ခြင်း၊ ရွှေ့လျားစေခြင်း၊ ထိန်းချုပ်မှု ပျက်စီးစေခြင်း၊ လွှဲပြောင်းခြင်း၊

(င) ရထားလမ်း အချက်ပြများကို မမှန်မကန် ပြုလုပ်ခြင်း၊ ဖုံးကွယ်ထားခြင်း၊ ဖယ်ရှားပစ်ခြင်းနှင့် မမှန်မကန် အချက်ပြခြင်း၊

(စ) ရထားလမ်းကို ချွတ်ယွင်းပျက်စီးစေသော အခြားမည်သည့် ပြုလုပ်မှုကိုမဆို ပြုလုပ်ခြင်း၊ ဖြစ်ပေါ်စေခြင်း သို့မဟုတ် ထိုသို့ဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊

၈၀။ မည်သူမျှ-

(က) ရထားမောင်းနှင်နေစဉ်တွင် သော်လည်းကောင်း၊ ရပ်နေစဉ်တွင် သော်လည်းကောင်း စီးနင်းလိုက်ပါသူ၏ အသက်ကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်စေရန် တမင်ပြုလုပ်ခြင်း၊ မဆင်မခြင် သို့မဟုတ် ပေါ့ဆစွာပြုလုပ်ခြင်းတို့ အပါအဝင် မည်သည့်ပြုလုပ်မှုကိုမျှ မပြုလုပ်ရ။

(ခ) ရထားပေါ်တွင် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်ကို ခွင့်ပြုချက်မရှိဘဲ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်းမပြုရ။

၈၁။ မည်သူမျှ-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ ရပ်နားစခန်း လုပ်ငန်းကိုဖြစ်စေ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင် ရရှိသော်လည်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ရထားလမ်းကို ဖွင့်လှစ်ခြင်းမပြုရ။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် ပိတ်ထားသောရထားလမ်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပြန်လည်ဖွင့်လှစ်ခြင်း မပြုရ။

၈၂။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမျှ-

(က) တာဝန်ချိန်အတွင်း အရက်သေစာ သောက်စားခြင်း၊ ရထားစီးခရီးသည်ကို စိတ်ပြိုငြင်စေရန် သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေရန် မဆင်မခြင် သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

(ခ) ကုန်တွဲတွင် သတ်မှတ်ထားသည့် ဝန်ချိန်ထက်ပို၍ တင်ဆောင်ခြင်း မပြုရ။

(ဂ) ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားဖြတ်သန်းချိန် မတိုင်မီဂိတ်ကို ကောင်းမွန်စွာပိတ်ခြင်းနှင့် ရထားဖြတ်သန်းပြီးသည့်အခါ ပြန်ဖွင့်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) ရထားမတော်တဆဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၀ အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ ချက်ချင်း သတင်းပေးပို့ အစီရင်ခံရန် ပျက်ကွက်ခြင်း မရှိစေရ။

(င) ရထားပေါ်တွင် အများပြည်သူအတွက် မနှစ်မြို့ဖွယ်ရာဖြစ်သော ကုန်စည်များကို သယ်ဆောင်ခြင်း မပြုရ။

(စ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ရထားပေါ်နှင့် ဘူတာရုံများတွင် လိုအပ်သည့် ရထားခနူန်းကြော်ငြာ၊ နှိုတစ်စာ၊ ကြော်ငြာဆိုင်းဘုတ်နှင့် စာအုပ်စာတမ်းများထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဆ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အနည်းဆုံး ခြောက်လလျှင်တစ်ကြိမ် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဇ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မမှန်မကန်ပြုစုပြီး တင်ပြခြင်းမပြုရ။

၈၃။ မည်သူမျှ-

(က) ရထားပေါ်တွင် ပါရှိသော အရေးပေါ်ကိရိယာကို ခိုင်လုံသောအကြောင်း မရှိဘဲ အသုံးမပြုရ။

(ခ) ရထားရှိ ဆက်သွယ်ရေးစနစ်နှင့် ပစ္စည်းကိရိယာကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း မပြုရ။

(ဂ) ရထားစတင်ထွက်ခွာစဉ် ရထားပေါ်သို့ ခုန်တက်ခြင်း သို့မဟုတ် ရထားမရပ်မီ ခုန်ဆင်းခြင်း မပြုရ။

(ဃ) ရထား အမိုး၊ အကာ၊ ခြေနင်း၊ တွဲများအကြားနှင့် သတ်မှတ်ခွင့်ပြုချက်မရှိသော နေရာများပေါ်တွင် စီးနင်းလိုက်ပါခြင်းမပြုရ။

(င) ရထားပေါ်တွင် အခြားသူကို စိတ်ပြိုငြင်စေရန် ပြုမူပြောဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်း မပြုရ။

(စ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းစားသူ၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းသူ သို့မဟုတ် နေထိုင်သူအားထွက်ခွာသွားရန် တာဝန်ရှိရထားဝန်ထမ်းက ညွှန်ကြားသည်ကို ငြင်းဆန်ခြင်းမပြုရ။

(ဆ) တာဝန်ရှိ ရထားဝန်ထမ်းကို ဝတ္တရားနှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း မပြုရ။

(ဇ) ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားလာသည့်အခါ ဂိတ်ပိတ်ထားသည်ကို ခွင့်ပြုချက်မရှိဘဲ ဖွင့်ခြင်း၊ ဖြတ်သန်းခြင်း၊ ရထားဖြတ်သန်းပြီးသည့်အခါ ဂိတ်ဖွင့်ထားသည်ကို ပိတ်ခြင်း မပြုရ။

(ဈ) ဆေးလိပ်သောက်ခွင့်မရှိသော ဘူတာနေရာများ၊ တွဲများပေါ်တွင် ဆေးလိပ်သောက်ခြင်း မပြုရ။

## အခန်း (၁၉)
## ပြစ်ဒဏ်များ

၈၄။ မည်သူမဆို ပုဒ်မ ၇၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး နှစ် ၂၀ ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၅။ မည်သူမဆို ပုဒ်မ ၈၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၆။ မည်သူမဆို-

(က) ပုဒ်မ ၈၁၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၁၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို-

(က) ပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံးကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၂ ၊ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို-

(က) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) မှ (ဇ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဈ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

## အခန်း(၂၀)
## အထွေထွေ

၈၉။ ရထားလမ်းတစ်လျှောက် ရထားလမ်းနယ် သတ်မှတ်ချက်မှာ-

(က) ရထားလမ်းဖို့ မြေတာပေါင်၏ ဝဲ၊ ယာ အစွန်ဆုံးအခြေမှ အနည်းဆုံး အကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည်။

(ခ) တူးမြေဖြစ်ပါက တူးမြေထိပ်မှ တစ်ဖက်တစ်ချက်သို့ အနည်းဆုံး အကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည်။

(ဂ) သီးခြားသတ်မှတ်ထားသော ရထားလမ်းတစ်လျှောက်တွင် ဝဲ၊ယာ အစွန်ဆုံး ရထားသံလမ်းမှ အနည်းဆုံးအကွာအဝေးသည် ၅၀ ပေ ဖြစ်သည်။

၉၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် စီမံရေးအဖွဲ့ကဖြစ်စေ၊ ရထားအဖွဲ့အစည်းကဖြစ်စေ၊ ဤဥပဒေအရ ရရန်ရှိသော လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြင့်ခ၊ ဝန်ဆောင်ခ၊ ဒဏ်ငွေနှင့် အခြားအခကြေးငွေတို့ကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်နှင့်အညီ အရကောက်ခံခွင့်ရှိသည်။

၉၁။ လက်မှတ်မဲ့၊ တန်ဆာမဲ့ ဒဏ်ကြေးများအပေါ်တွင် ဆုကြေးများနှင့် စပ်လျဉ်း၍-

(က) မြန်မာ့မီးရထားတွင် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်းသတ်မှတ်၍ ရထားလက်မှတ်စစ် အဖွဲ့များအား ဆုကြေးပေးနိုင်သည်။

(ခ) ရထားကုမ္ပဏီတွင် ရထားကုမ္ပဏီ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်းသတ်မှတ်၍ ရထားလက်မှတ်စစ် အဖွဲ့များအား ဆုကြေးပေးနိုင်သည်။

၉၂။ (က) မြန်မာ့မီးရထား ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊ ရာထူးမှ ထုတ်ပယ်ခံရခြင်း၊ ထွက်ပြေးတိမ်းရှောင်နေခြင်း၊ သေဆုံးခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းတို့ ဖြစ်ပေါ်သည့်အခါ ထိုရထားဝန်ထမ်းအား တရားဝင် နေထိုင်ခွင့်ပြုထားသော နေအိမ်၊ အဆောက်အအုံ၊ အခန်းကိုလည်းကောင်း၊ ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်းများကိုလည်းကောင်း ခွင့်ပြုထုတ်ပေးသည့်ဌာနသို့ သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံရမည်။

(ခ) မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့သည် ပုဒ်မခွဲ (က)အရ ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်အပြင် နေထိုင်ခွင့်ပြုထားသော နေအိမ်၊ အဆောက်အအုံ၊ အခန်းမှ ဖယ်ရှားထွက်ခွာရန် ငြင်းဆန်သော မြန်မာ့မီးရထားဝန်ထမ်းနှင့် ယင်း၏ မိသားစုအား မြန်မာ့မီးရထားအိမ်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖယ်ရှားနှင်ထုတ်ပိုင်ခွင့်ရှိသည်။

၉၃။ ဤဥပဒေအရ အရေးယူသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၄။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စီမံရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်သောချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားခံစားခွင့်များကို ခံစားခွင့်ရှိသည်။

၉၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ အရအသုံးငွေစာရင်းမှ ကျခံရမည်။

၉၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စီမံရေးအဖွဲ့ဝင်များနှင့် ရထားအဖွဲ့အစည်းများ၏ ရထားဝန်ထမ်းများသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၉၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဂ္ဂလိက ရထားကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်၍ ရထားပို့ဆောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်း မပြုသေးမီကာလတွင် စီမံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့အား တာဝန်ပေးနိုင်သည်။

၉၈။ The Railways Act, (India Act IX of 1890) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာ့မီးရထားတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၀။ The Railways Act, (India Act IX of 1890) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ

ဂဏန်းဗေဒင်(ဝါ)သင်္ချာဗေဒ Numberology ပညာရပ်သည် ဆင်ခြင်ရသော ဘာသာရပ်ဖြစ်ပြီး အက္ခရာမှ တူညီသော ဂဏန်း၊ မွေးရက်တို့ကို ကောက်ယူ၍ တွက်ချက်ရသည်။ ဂဏန်းဗေဒင်(ဝါ) သင်္ချာဗေဒသည် ဗေဒင်ပညာရပ်မှ ပေါက်ဖွားလာသော ဘာသာရပ်တစ်ခုဖြစ်သကဲ့သို့ သိပ္ပံနည်းကျသော ဘာသာရပ်လည်းဖြစ်သည်။ ၎င်းပညာရပ်သည် ရှေးနှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့ပြီး ကမ္ဘာပေါ်ရှိ လူမျိုးဘာသာမရွေး အသုံးပြုနိုင်သော ပညာဖြစ်ပြီး လူ့ဘဝကို စိုးမိုးထားသော ဂဏန်းလေးများသည် စိတ်ဝင်စားစရာကောင်းသည်။ ဂမ္ဘီရဆရာလှမျိုး (B.Sc) ရေးသားသည့် "လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ"စာအုပ်သည် လူတိုင်းသိရှိနားလည်သင့်သော ကိန်းဂဏန်းတို့၏ အခြေခံသဘောတရားများနှင့် အခြေခံစိုးမိုးဂဏန်းများအတွက် ဗေဒင်ဟောကိန်းနှင့် အဆောင်ယတြာများကို စနစ်တကျ တွက်ချက်ရေးသားဖော်ပြထားပြီး လူသားအကျိုးပြု ဗေဒင်စာအုပ်တစ်အုပ်ဖြစ်သည်။

ယခုစာအုပ်ကို စာပေနန်းတော် အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉-၇၃၁၄၀၉၃၆ တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။




## ၁၅ မိနစ် ဂျပန်စကားပြော

အောင်နိုင်သူအယ်ဒီတာအဖွဲ့မှစီစဉ်သည့် ၁၅ မိနစ် ဂျပန်စကားပြော စာအုပ်ထွက်ရှိလာပါသည်။ ပွင့်လင်းလာသော စီးပွားရေးနှင့်အတူ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမည့်နိုင်ငံများ ဝင်ရောက်လာတော့မည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မည့်သူများအတွက် အထူးလိုအပ်သော ၁၅ မိနစ် ဂျပန်စကားပြောစာအုပ်ဖြစ်ပါသည်။ ထို့အပြင် ဂျပန်နိုင်ငံသို့ သွားရောက်ပါက ကြုံတွေ့ရမည့် အခက်အခဲများကို စာအုပ်မှ လွယ်လင့်တကူ ဖြေရှင်းပေးနိုင်ပါသည်။ စာအုပ်လေးတွင် ဂျပန်အမူအကျင့်များ၊ သိသင့်သိထိုက်သည့် ဝေါဟာရ အသုံးအနှုန်း၊ ယဉ်ကျေးစွာပြောဆိုပုံ၊ အရပ်သုံးစကား စသည်တို့အပြင် ဖတ်မိလွယ်ကူစေရန် ရုပ်ပုံများက အထူးအထောက်အကူပြုပေးပါလိမ့်မည်။ မူရင်းမာစတာ စီဒီခွေပါ နားထောင်ခြင်းဖြင့် ဂျပန်လူမျိုးကဲ့သို့ အသံထွက်မှန်ပြီး ရှင်းလင်းလွယ်ကူစွာ အချိန်တိုတိုအတွင်း ဘာသာစကားတစ်ခုကို ပြောတတ်လာပါလိမ့်မည်။

APS စီးပွားရေးသင်တန်းကျောင်း အမှတ်(၃၆၁) (ပထမထပ်-ယာ) ဗိုလ်အောင်ကျော်လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၂၆၃၈၀၆၆၀၀၊ ၀၁-၃၉၈၃၅၀ မှ တန်ဖိုးငွေ ၃၀၀၀ကျပ်ဖြင့် ဖြန့်ချိသည်။




## ဖုန်းရွှေ အိမ် ခြံ မြေ ရွေးနည်းပညာ

ဟိန်းလတ်ရေးသားသော ဖုန်းရွှေ အိမ်၊ ခြံမြေ ရွေးနည်းပညာစာအုပ်ထွက်ရှိလာပါသည်။ ဖုန်းရွှေနည်းပညာများကို သုံးစွဲပြီး အိမ်၊ ခြံ မြေ ရွေးချယ် အိမ်ဆောက်၊ အခန်းဖွဲ့ ပြုသင့်ပြုထိုက်သော အရပ်နေရာများကို ရွေးချယ်ခြင်းဖြင့် မိမိကောင်းကျိုး၊ မိမိနှင့်ဆက်စပ်ပတ်သက်သူများ၏ ကောင်းကျိုးများကို ဤစာအုပ်က အထောက်အကူပြုပါသည်။ ဤစာအုပ် တွင် ဖုန်းရွှေ(သို့မဟုတ်) မင်္ဂလာရှိသော အိမ်၊ ခြံ၊ မြေ ရွေးနည်း၊ ဖုန်းရွှေပညာ၏ အခြေခံ လေးရပ်၊ အန္တရာယ်ပေးသောနေရာများ၊ သစ်ပင်၊ အိမ်ခန်းဖွဲ့စည်းပုံများ၊ ထားသင့်ထား ထိုက်သော လှေကားများ၊ မီးဖိုချောင်နှင့်ကျန်းမာရေး အစရှိသော သိသင့်သိထိုက်ဖွယ်ရာများ ပါဝင်ပါသည်။ ဖုန်းရွှေနည်းပညာစာအုပ်ကို ဖတ်ရှုခြင်းဖြင့် စာအုပ်တန်ဖိုးနှင့်မကသော အကျိုးကျေးဇူးများကို ရရှိ နိုင်ပါသည်ဟု စာရေးဆရာက ဖွင့်ဆိုပေးထားပါသည်။

မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမ(ဝဲ)၊ ၃၉လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁- ၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ၂၅၀၀-ကျပ်ဖြင့် ဖြန့်ချိထားပါသည်။




## မီးဖိုချောင်မှဆေးဖြစ်စေသော စားစရာများ

ဟိန်း(ဘူမိ)ရေးသားသော မီးဖိုချောင်မှ ဆေးဖြစ်စေသော စားစရာများ စာအုပ်ထွက်ရှိလာပါသည်။ ကျွန်ုပ်တို့ နေ့စဉ်စားသောက်မှုတွင် မပါမဖြစ်ပါဝင်နေသော သီးနှံများ၊ အသားဟင်းလျာများ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နနွင်း စသည့် တွဲဖက်ပစ္စည်းများနှင့် စားသုံးသင့်သည်များကို စာရေးဆရာက သိမှတ်ဖွယ်ရာများနှင့် ရေးသားထားပါသည်။ မီးဖိုချောင်သည် ဆေး၊ မီးဖိုချောင်သည် ဘေးဟူ၍ ရှေးဆရာကြီးများက ဆိုမိန့်ခဲ့ကြပါသည်။ ချက်ပြုတ်ရသော အစာအာဟာရများသည် ဆေးပညာနှင့် ဥတုသဘောကိုနားလည်သော အိမ်ရှင်မ ချက်ပြုတ်ကျွေးမွေးပါက အိမ်သားများအတွက် ဆေးဖြစ်စေပါသည်။ ဆေးပညာနှင့် ဥတုသဘောကို နားမလည်စေကာမူ အဆီလွန်၊ အပူလွန်၊ အစပ်လွန်တို့ကိုရှောင်ကြဉ်၍ အချိုးညီအောင် ချက်ပြုတ်ကျွေးမွေးသွားမည်ဆိုပါက ဆေးဖြစ်စေသောသဘောကို မီးဖိုချောင်မှ ဆေးဖြစ်စေသော စားစရာ များစာအုပ်က များစွာအထောက်အကူပြုစေပါသည်။ ဤစာအုပ်လေးကို City Mart, Ocean Hypermart အစရှိသော စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ) ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃ မှ တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါသည်။


# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏
အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့်
သာသနဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ဒုတိယဥက္ကဋ္ဌ၊ ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ ချစ်ခင်ပွန်း
သာသနဒါယကာကြီး သဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
**ဒေါက်တာဦးစိုးသိန်း** ရွှေမနေအောင်ကုမ္ပဏီလီမိတက်(မန်နေဂျင်းဒါရိုက်တာ)အား
**"မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်**
ကိုထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ ပရိယတ္တိတာဝန်များကို စွမ်းစွမ်းတမံကြိုးပမ်းထမ်းဆောင်နေသော သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများစွာတို့အား ပစ္စည်းလေးပါး မပင်ပန်းရလေအောင် လစဉ် နှစ်စဉ်အလှူငွေများ အမြဲထောက်ပံ့လှူဒါန်းခြင်း၊ Alphard ကား(၁)စီးဝယ်ယူလှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ စာသင်တိုက်တွင်လိုအပ်သည့်ကိစ္စအဝဝအား အမြဲထောက်ပံ့လှူဒါန်းလျှက်ရှိသော ဒါယကာကြီးမိသားစုသည် ထပ်ကာထပ်ကာ အဆင့်ဆင့်အမြင့်ဆုံးဘွဲ့ထူး ဂုဏ်ထူးတို့ကို ရရှိပိုင်ဆိုင်ပြီး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဘာသာအကျိုး သာသနာအကျိုးတို့ကို ဆတက်တိုး၍ မပင်မပန်း ချမ်းသာစွာ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**ပဓာန နာယကဆရာကြီး သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်ဧသုဝတီ၊**
**စာချဆရာကြီး သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဧထေရီ၊**
**စာချဆရာကြီး သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယဝိဒူ ဒီဃနိကာယဝိဒူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ပုညဝတီ၊**
**စာချဆရာလေး သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယဝိဒူ ဒီဃနိကာယဝိဒူ၊ သံယုတ္တနိကာယဝိဒူ၊ ဝိသိဋ္ဌအဘိဓမ္မဝိဒူ(၁)၊**
**ဂန္ထဝါစကပဏ္ဍိတ ဒေါ်အညေသီနှင့် သီလရှင်ဆရာလေးများ (ဧသုဝတီ သီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့။)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကလေးမြို့နယ် ရေဘေးသင့်ကျေးရွာ ၁၀ ရွာအတွက် ငွေကြေးကူညီ

**ကလေး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ဇူလိုင်နှင့် ဩဂုတ်လက ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ကျေးရွာသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းနှင့် လခြမ်းနီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တို့မှ ဒုတိယအထွေထွေအတွင်းရေးမှူးဦးဆောင်သောအဖွဲ့သည် မော်လိုက်ကလေး(တောင်)၊ မော်လိုက်ကလေး(မြောက်)၊ အေးသာယာ၊ ကျောက္ကာ၊ သာစည်၊ နန်းကျင်းဆောင်၊ နတ်နန်း၊ ကံကြီး၊ နတ်ကြီးကုန်း(က)နှင့် နန်းစောင်းပုကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်း၍ ငွေကြေးများကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

"တစ်သက်နဲ့တစ်ကိုယ် ဒီလိုလှူဒါန်းငွေ လက်ခံရတာအခုမှ ကြုံဖူးတာပါ။ ဒီငွေတွေကို ရှေ့ရေးဝမ်းစာအတွက် ဝက်၊ ကြက်မွေးမှာပါ။ ကျွန်တော်တို့မှာ လယ်လုပ်စရာမရှိတော့ မွေးမြူရေးကို အဓိကထားရမှာပါ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ကျေးဇူးတင်ပါတယ်" ဟု အေးသာယာကျေးရွာမှ ဦးညိုစိမ်းက ပြောသည်။

ယင်းအစီအစဉ်အား ကလေးမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစ၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ပြုလုပ်ဆောင်ရွက်သွားကာ အဆိုပါကျေးရွာများရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၃၅၃ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၆၇၆၅ သိန်းကို ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။

"အခုလိုမျိုး မုဆိုးမဘဝနဲ့ သားသမီး ငါးယောက်ကို လုပ်ကျွေးနေရတာပါ။ အိမ်ဆောက်ဖို့ ဝယ်ယူစုဆောင်းထားတဲ့ ပျဉ်တွေ ရေကြီးတဲ့အထဲ မျောပါသွားတာ။ အခုမှ ဒီကပေးတဲ့ ပိုက်ဆံနဲ့ လုံခြုံစိတ်ချရတဲ့ အိမ်မှာ ပြန်နေလို့ရမယ်။ သားသမီးတွေ ရှေ့ရေးအတွက် ကြက်၊ ဝက် မွေးမယ်။ နောက်ပြီးတော့ ရွာမှာရှိတဲ့ ကော်မတီဝင်တွေ နာမည်စာရင်းကောက်တုန်းက ငွေကျပ် ငါးသိန်းပေးမယ် ပြောတော့ မယုံရဲဘူး။ ဒါပေမယ့် ဒီနေ့ ဒီမှာလာမယ်လို့ကြားတော့ အလုပ်ပင်ပန်းပေမယ့် ညက ရင်ခုန်လွန်းလို့ အိပ်မပျော်ဘူး" ဟု ကျောက္ကာကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

အလားတူ တမူးမြို့နယ် မင်းသမီးကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၅၆အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသိန်းနှုန်းနှင့် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော သဘာဝဘေးအန္တရာယ်သင့်ကျေးရွာလေးရွာရှိ အိမ်ထောင်စု ၁၅၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်ခြောက်သိန်းနှုန်း ကူညီထောက်ပံ့သွားရန်စီစဉ်ထားကြောင်း သိရသည်။

ယင်းသို့ ကူညီထောက်ပံ့မှုကို ဇန်နဝါရီ ၁၃ ရက်အထိ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရွေးချယ်သတ်မှတ်မှုသည် အကျိုးခံစားခွင့်ရှိသူ စံနှုန်းသတ်မှတ်ချက်အရ ဘေးကျရောက်လွယ်သော အိမ်ထောင်စုများ၏ လူမှုစီးပွားရေးအခြေအနေအဆင့်အလိုက် ဆန်းစစ်လေ့လာသတ်မှတ်ထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရေဘေးပြန်လည်ထူထောင်ရေးအဖွဲ့(ကလေးမြို့) မှတာဝန်ရှိသူ မစိုးစိုးက ပြောသည်။

ငွေကြေးထောက်ပံ့မှုအစီအစဉ်အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အကျိုးခံစားခွင့်ရှိသူ စံနှုန်းသတ်မှတ်ချက်များဖြင့် ရွေးချယ်ထားသော ကလေး၊ တမူးနှင့် ချင်းပြည်နယ် ဟားခါးမြို့နယ် အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သဘာဝဘေးသင့် စုစုပေါင်းအိမ်ထောင်စု ၁၆၅၉ စုတို့အား အကျိုးခံစားခွင့်ရှိသူ၏ လိုအပ်ချက်အလျောက်အသုံးပြုနိုင်သော ငွေကြေးထောက်ပံ့မှုပေးခြင်းဖြစ်ပြီး ဘေးသင့်ပြည်သူများ၏ ဘဝပြန်လည်ထူထောင်ရေးတွင် အစိတ်အပိုင်းတစ်ခုအနေနှင့် အကူအညီအထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**



# မန္တလေးတောင်ပေါ်နှင့် မြွေကြီးနှစ်ကောင်အား ပြည်ပခရီးသွားများနှင့်ဘုရားဖူးများအထူးစိတ်ဝင်စားလာ

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးတောင်ပေါ်ရှိ မြွေကြီးနှစ်ကောင်၏ သမိုင်းဖြစ်စဉ်များကို မြန်မာနိုင်ငံရှိ ပြည်သူများသာမက အခြားနိုင်ငံများကပါ အထူးစိတ်တစား လာရောက်လေ့လာလျက်ရှိကြောင်းသိရသည်။

"စခန်းမဝေးပေါင်-ရွှေမန္တလေးတောင် မြွေကြီးနှစ်ကောင် သွားလို့ကြည့်ရအောင်" ဆိုသော သီချင်းစာသားအတိုင်းနေ့စဉ်လိုလိုခရီးသွား နိုင်ငံခြားသားများ ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားနေပြီး ယင်းတောင်ပေါ်ရှိ မြွေကြီးနှစ်ကောင်၏ သမိုင်းဖြစ်စဉ်များကို လာရောက်လေ့လာသူများပြားကြောင်း အဆိုပါ တောင်ပေါ်ရှိ ဂေါပကအဖွဲ့ထံမှသိရသည်။

"ကျွန်မတို့က အမေရိကန်နိုင်ငံကလာရောက်ခဲ့တာပါ။ မြန်မာပြည်ရောက်တာနဲ့ ပထမဆုံး မန္တလေးတောင်ပေါ်ကမြွေကြီးနှစ်ကောင်နဲ့ မန္တလေးမြို့တော်ရဲ့ ရှုခင်းအလှတွေကို ကြည့်ချင်ရင် မန္တလေးတောင်ပေါ်က ကြည့်လိုရတယ်လို့ သိထားလို့ လာရောက်လေ့လာကြတာပါ။ ဒီတောင်ပေါ်မှာရှိနေတဲ့ မြွေကြီးနှစ်ကောင်ဟာတကယ်ကို အသက်ဝင်နေတဲ့ မြွေကြီးတွေလိုခံစားမိပါတယ်။

'နောက်ပြီးတော့ တောင်ပေါ်ကနေပြီး မန္တလေးမြို့ရဲ့ အလှတွေနဲ့ညနေနေဝင်သွားတဲ့အလှတွေဟာ ကျွန်မတို့နိုင်ငံမှာ မမြင်ဘူးခဲ့တဲ့အရာတွေမို့ ကြည်နူးပျော်ရွှင်မိပါတယ်။ ဒီကအပြန်ဆိုရင် ပုဂံယဉ်ကျေးမှုဒေသကိုလည်း သွားရောက်လေ့လာမှာပါ။ အခက်အခဲအနေနဲ့တော့ မန္တလေးမြို့ဟာ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ ယာဉ်ကြောပိတ်ဆို့မှုတွေများလာပါတယ်။ ဒီလိုပဲ မန္တလေးတောင်တက်လမ်းတွေကကျဉ်းတော့ ကားကိုထိန်းပြီးမောင်းနှင်ပါတယ်။ ပိုဆိုးတာက ဒီတောင်ပေါ်ဘုရားရင်ပြင်ပေါ်မှာယာဉ်တွေ စည်းကမ်းလိုက်နာမှုနည်းပါးမှုတွေရှိနေတာဟာ ကျွန်မတို့အတွက် အခက်အခဲတွေပါ" ဟု အမေရိကန်နိုင်ငံမှလာရောက်လေ့လာသူ ဇနီးမောင်နှံက ယင်းတို့၏အမြင်ကို ပြောသည်။

မြွေကြီးနှစ်ကောင်၏ သမိုင်းဖြစ်စဉ်မှာ ရသေ့ကြီးဦးခန္တီသည် အဆိုပါတောင်ပေါ်တွင် သာသနာပြုနေသော အချိန်တွင် တစ်နေ့၌ ရသေ့ကြီး တရားအားထုတ်နေသော ညဉ့်အချိန်တွင် ကျောင်းအောက်သို့ရောက်ရှိလာသော မြွေကြီးနှစ်ကောင်ဖြစ်ပြီး မည်သူ့ကိုမှ ရန်မူခြင်း မပြုလုပ်သောကြောင့် ရသေ့ကြီးကလည်း ထိုက်သင့်သော အစာရေစာတို့ကို ကျွေးမွေး၍ ပြုစုစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မံအင်–မံလောင်ချောင်းကြီးချောင်းကိုဖြတ်သန်းကာ ဘေလီတံတားတစ်စင်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်



**ဗန်းမောက် ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံအင်-မင်းကုန်းကျေးရွာအုပ်စု သရက်ကုန်း-ကူးဆိပ်ရွာတွင် မံအင်-မံလောင်ချောင်းကြီးချောင်းကို ဖြတ်သန်းကာ သံပေါင်သစ်သားခင်း ဘေလီတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိရာ တံတားတည်ဆောက်ပြီးစီးပါက ဒေသအတွင်းဆက်သွယ် သွားလာရေးအထူးကောင်းမွန်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့မှာ များစွာဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်သည် သဘာဝတောတောင်လျှိုမြောင်များ ပေါများသည့်အလျောက် ချောင်းကြီးချောင်းတွင် မိုးရာသီ ရေကြီးရေလျှံမှုဖြစ်ကာ တံတားများသည် နှစ်စဉ် ရေစီးထဲမျောပါခဲ့ရသည့်အတွက် ခိုင်ခံ့သော တံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်ရန် ဒေသခံများကြိုးပမ်းဆောင်ရွက်လာကြသည်။ မံအင်-မံလောင်ချောင်းကြီးချောင်းသည် မိုးရာသီတွင် ရေကြီးရေလျှံမှုမှာ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပြီး ခိုင်ခံ့သော သံပေါင် ဘေလီကွန်ကရစ်တံတား တည်ဆောက်ရန်လိုအပ်သည့်အတွက် မံအင်-မင်းကုန်း ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး ဦးတင်ဖေနှင့်အဖွဲ့၊ တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် စေတနာအလှူရှင်များက ဗန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှုကို ခံယူကာ ရေကြီးရေလျှံသော ချောင်းကြီးချောင်းကို ဖြတ်သန်း၍ တည်ဆောက်မည့် ကြိုးတံတားနေရာတွင် သံပေါင် ဘေလီတံတားကို တည်ဆောက်ရန်အတွက် မံအင်-မင်းကုန်းကျေးရွာအုပ်စု ကူးဆိပ်ရွာအရှေ့ကုန်းတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က ပန္နက်တင်မင်္ဂလာပွဲကျင်းပပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် တံတားကြီး တည်ဆောက်ရန်အတွက် ကမ်းကပ်ခုံ ဖောင်ဒေးရှင်းကွန်ကရစ်ခုံကို စတင်ဆောင်ရွက်လျက်ရှိသည်။

"အခုလောလောဆယ်မှာတော့ တံတားဆောက်လုပ်ရာမှာအဓိက လိုအပ်နေတာက ယက်မသံပေါင်ပါ။ ဒါကို အမြန်ဆုံးရရှိဖို့ သက်ဆိုင်ရာကို အကူအညီတောင်းခံထားပြီး အချိန်သုံးလအတွင်းမှာ အပြီးဆောက်လုပ်သွားမှာဖြစ်တယ်" ဟု မံအင်-မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ဖေက ပြောသည်။

အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါ ဗန်းမောက်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့သို့ ဆက်သွယ်သွားလာနိုင်မှာ ဖြစ်သည့်အတွက် ဒေသအတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့တွင် များစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗန်မောက်မြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် သဘာဝတွင်းထွက်ရတနာများ အလျှံပယ်ထွက်ရှိရာဒေသကြီးဖြစ်ပြီး အဖိုးတန် ကျွန်းသစ်များနှင့်အတူ အင်ကြင်း၊ တမလန်း၊ ပိတောက်ကဲ့သို့သော သစ်မာပင်အမျိုးအစားများ၊ ကြိမ်အမျိုးမျိုး၊ ဝါးအမျိုးမျိုး၊ အဖိုးတန်သစ်ခွပင်များ၊ တန်ဖိုးကြီးသစ်မွှေးပင်များ၊ ရွှေနှင့် အဖိုးတန်သတ္တုများ ထွက်ရှိရာ သဘာဝစိမ့်စမ်းတောတောင် လျှိုမြောင်နှင့် ရေတံခွန်ပေါများလျက်ရှိကြောင်း သိရသည်။

**နီတိုး**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရွှေလုပ်ငန်းရှင်များအသင်းမှ မှုခင်းဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရွှေလုပ်ငန်းရှင်များအသင်းမှ မှုခင်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စက်မှုလက်မှုကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ဖွင့်လှစ်ပြီး မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်က အဖွင့်အမှာစကားပြောကြားကာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ - ရွှေပန်းထိမ်)က ဆွေးနွေးပွဲဆောင်ရွက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်များကိုကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မှုခင်းဌာနမှ ညွှန်ကြားရေးမှူး ရဲမှူးကြီးထွန်းမင်းက ရွှေလုပ်ငန်းနှင့်ပတ်သက်သော မှုခင်းဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးပြီး လုံခြုံရေးဆောင်ရွက်ပေးမှုနှင့် မှုခင်း ဖြစ်စဉ်အခြေအနေကို Power Point ဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကြီးဝင်းဗိုလ်က ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများ၏ သိရှိလိုသောအချက်များကို တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့သည်။

**တင်မောင်ဦး(အလုံ)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ကွင်းဆင်းစစ်ဆေး

**တွံတေး ဇန်နဝါရီ ၁၁**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တွံတေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တမံကြီး(တံခွန်)ကျေးရွာ၊ ကံရွာကျေးရွာ၊ ချောင်းဝိုင်းလေးကျေးရွာတို့သို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ စာရင်းဇယားများအား ဇန်နဝါရီ ၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

အကြီးကျယ် အခမ်းနားဆုံး
ပေါ်ရှင်ကံထူး နှစ်သစ်ကူး
အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး

## နောက်ဆုံးပတ် ကံထူးရှင်ပေါင်း (၂၀၀၀၀) ကို ဂုဏ်ယူစွာဖြင့် တင်ဆက်လိုက်ပါပြီ




## 09 449250 xxx
## လင်ခရူဇာကားသစ်ကြီး ကံထူးရှင် ကိုကျော်ဝင်းလှိုင် (မွန်ပြည်နယ်)

| iphone 6s ကံထူးရှင်များ | ipad air 2 ကံထူးရှင်များ | Sony 40" TV ကံထူးရှင်များ | တစ်ကျပ်သား ရွှေဆွဲကြိုး ကံထူးရှင်များ |
|---|---|---|---|
| 09 403715 xxx ဦးခင်မောင်ရွှေ (ကျောက်ပန်းတောင်း) | 09 425354 xxx ကိုခင်မောင် (မွန်ပြည်နယ်) | 09 425297 xxx ကိုထိန်လင်း (လှိုင်သာယာ) | 09 440535 xxx မလဲ့လဲ့မျိုးမြတ် (ရန်ကုန်) |
| 09 428351 xxx မစန်းစန်းဖြိုး (ရန်ကုန်) | 09 458041 xxx ကိုထွန်းထီ (တောင်ကြီးမြို့) | 09 43042 xxx ကိုမိုးကျော်သူ (မကွေး) | 09 425329 xxx ကိုမျိုးမြတ်ထွန်း (ဘုတ်ပြင်းမြို့) |
| 09 263901 xxx မလင်းလက်ဝေ (ကျိုင်းတုံမြို့) | 09 259284 xxx ကိုထင်ကျော် (ရန်ကုန်) | 09 5360 xxx မသီတာရှိန် (ရန်ကုန်) | 09 43058 xxx ဒေါ်တာတာ (တောင်ကြီးမြို့) |
| 09 43061 xxx ကိုဘုန်းသိုက်ကျော် (မန္တလေး) | 09 420020 xxx မဇင်မာထွေး (ရန်ကုန်) | 09 448541 xxx ဦးလင်းကိုကို (နေပြည်တော်) | 09 49508 xxx ဦးသိန်းဝင်း (လက်ပံတန်းမြို့နယ်) |
| 09 49732 xxx မနှီနှီအောင် (ဧရာဝတီတိုင်း) | 09 43105 xxx မဟန်နီထွန်း (ရန်ကုန်) | 09 43044 xxx မဇင်ဝင်းအေး (မန္တလေး) | 09 253448 xxx ကိုအောင်လှိုင်ဦး (ရန်ကင်း၊ရန်ကုန်) |
| 09 43063 xxx ဦးဟော်စိတုန်း (စဉ့်ကိုင်၊မန္တလေး) | 09 5215 xxx ကိုညီမြင့် (တောင်ကြီးမြို့) | 09 73057 xxx ဦးသန်းလှိုင် (ရန်ကုန်) | 09 43059 xxx မမြတ်စုမွန် (မန္တလေး) |
| 09 43046 xxx မဖြူဖြူခ (နေပြည်တော်) | 09 43047 xxx ဒေါ်ကြည်ကြည်လှိုင် (နေပြည်တော်) | 09 250398 xxx ဦးမြင့်အောင် (ကျောက်တံခါးမြို့၊ပဲခူးတိုင်း) | 09 43103 xxx ဒေါက်တာကျော်မင်းထက် (တမူးမြို့) |
| 09 49318 xxx ဦးရာန (ရှမ်းပြည်နယ်) | 09 43043 xxx မသန်းသန်းမြင့် (မန္တလေး) | 09 43059 xxx ဒေါ်မြင့်မြင့်စန်း (မန္တလေး) | 09 259118 xxx ကိုအေးလုံ (မန္တလေး) |
| 09 420735 xxx မမိုးမိုးဝင်း (ရန်ကုန်) | 09 41005 xxx ကိုဘိုဘို (သန်လျင်) | 09 5075 xxx ဒေါ်လှမြင့် (ရန်ကုန်တိုင်း) | 09 421159 xxx ဦးအောင်ကြိုင် (ရန်ကုန်) |
| 09 264 374 xxx ဦးအေးထွန်း (မြိတ်မြို့) | 09 263708 xxx ကိုကျော်သက်ထွန်း (ဟသာတမြို့) | 09 420240 xxx မဇာဇာသန်း (ထန်းတပင်မြို့နယ်၊ရန်ကုန်) | 09 420134 xxx ကိုကျော်လင်း (ရန်ကုန်) |

## ငွေဖြည့်ဆုမဲပေါင်း (၁၉၉၅၉) ကို SMS (စာတိုဖြင့်) ပေးပို့ဖြည့်သွင်းပေးသွားပါမည်

**အသေးစိတ်သိရှိလိုပါက** အမှန်တကယ်ဆုပေးမည့် ပစ္စည်းများသည် ကြော်ငြာတွင်ဖော်ပြထားသောပစ္စည်းများနှင့် အနည်းငယ်ကွာခြားမှုရှိနိုင်ပါသည်

www.mpt.com.mm   www.facebook.com/mptofficialpage   MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ)။

(၂) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝနည်းပညာ၊ စာရင်းအင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ မိုးလေဝသ၊ ဇလဗေဒ)။

(၃) **ဥပဒေဘွဲ့**

(၄) **နိုင်ငံခြားဘာသာဘွဲ့များ** ဝိဇ္ဇာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း)။

(၅) **အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၆) **စီးပွားရေးဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ ဝါဏိဇ္ဇ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု)။

(၇) **ကွန်ပျူတာဆိုင်ရာဘွဲ့များ** (ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာ)။

(၈) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ် ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ **(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ် အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားလာစေရန်အတွက် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခုတင်(၄၃၀)ဆံ့ တော်ဝင်အထူးကုသဆောင်သစ်ကို ကျပ်သိန်းပေါင်း(၅၅,၀၀၀) အကုန်အကျခံကာ နိုင်ငံတကာအဆင့်မီဆောက်လုပ်လှူဒါန်းသည့်အတွက် မြန်မာနိုင်ငံစိတ်ပညာအသင်း၏ နာယကဖြစ်သူ **တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေး (လူမှုထူးချွန်ပထမဆင့်)နှင့်မိသားစုအား** အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံစိတ်ပညာအသင်း**

**နာယကများ၊ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခုတင် (၄၃၀)ဆံ့ တော်ဝင်အထူးကုသဆောင်သစ်ကို ကျပ်သိန်းပေါင်း (၅၅,၀၀၀) အကုန်အကျခံကာ နိုင်ငံတကာအဆင့်မီ ဆောက်လုပ်လှူဒါန်းသည့်အတွက် နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်သည့်အပြင် တက်ရောက်ကုသသည့် လူနာများလည်း အေးချမ်းစွာ ဆေးကုသနိုင်တော့မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ နာယကဖြစ်သူ **တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေး (လူမှုထူးချွန်ပထမဆင့်)နှင့်မိသားစုအား** အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း**

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-254151516, 09-43029798, 09-43064181
MDY 09-440067577, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
LCCI Level - I, II, III
စာရင်းကိုင်သင်တန်းများ
for 2016, June Exam
ကျောင်းအပ် လက်ခံပြီ
ACCA, Dip IFR
LCCI Approved Centre
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့်ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်) Tel: 01-377610, 09-730 66231, 09-320 60060




စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေး နှင့် Pile လုပ်ငန်းများအတွက် အရည်အသွေးမြင့်

HYDRAULIC JACK & TOOLS PRODUCT

-HYDRAULIC CYLINDER ( UP TO 2000 TON)
-HYDRAULIC PUMP (HAND, ELECTRIC, AIR)
-HYDRAULIC NUT SPREADER
-HYDRAULIC TORQUE WRENCH
-HYDRAULIC PULLER
-ROLLER SKATE

သီရိနေခြည် ကုမ္ပဏီ လီမိတက် ၊ အခန်း (၅၁၁)၊ တိုက် B, သီရိကွန်ဒို ၉ မိုင်၊ မရမ်းကုန်း မြို့နယ်။
ဖုန်း ၊ 09 5132 814၊ 09 49 231 501၊ 09 420 254 851၊

သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်

YOUR INDUSTRY, YOUR DIRECTORY

MYANMAR Automobile EQUIPMENT DIRECTORY

www.myanmarautomobiledirectory.com



ကား Show Room များ၊ ကားပစ္စည်းအရောင်းဆိုင်များ၊ ကားအငှားဝန်ဆောင်မှုလုပ်ငန်းများ၊ Service center များ၊ ဝပ်ရှော့များ၊ ကားနှင့်ပတ်သက်သောလုပ်ငန်းမျိုးစုံကို တစ်နေရာထဲတွင်ရှာဖွေနိုင်သော မြန်မာ့ကားနှင့်အပိုပစ္စည်းလမ်းညွှန်

၂၀၁၆ အတွက် ကြော်ငြာထည့်သွင်းလိုပါက

YANGON
Sale: 09 44800 1662
Tel: 373254, 245358 Ext: 810-819
Email: ydg.adv@gmail.com

MANDALAY
Sale: 02 4000611
Tel: 02 4000612, 614, 615, 616
Email: mdg.adv@gmail.com


new
SAMSUNG
Galaxy Note5
LIVE
SideSync
24bit 96-192 kHz UHQA
Live Broadcast
Easy setup & autoconnection
Improved handwriting
UHQ Audio
Dual SIM
NEXT IS NOW
Pink Gold စတင်ဝယ်ယူနိုင်ပါပြီ...
www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG


အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
နှစ်သစ်
လက်ဆောင်မွန် အဖြစ်
ယခုအစီအစဉ် ကာလကို
တိုးမြှင့် ပေးလိုက်ပါပြီ
Happy New Year
ငွေဖြည့်ပမာဏ | အပိုလက်ဆောင်
၁,၀၀၀ ကျပ် | ၂၀၀ ကျပ်
၃,၀၀၀ ကျပ် | ၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ် | ၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ် | ၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ် | ၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ကြေညာသော အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်နေ ချစ်မေမေ **သုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်လှသင်း (မြန်မာရတနာအောင်ဇမ္ဗူကုမ္ပဏီ)**သည် **"သီရိသုဓမ္မသိင်္ဂီဘွဲ့"**ကို ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် ချစ်ဖေဖေ သီရိသုဓမ္မဇောတဓရ ဦးအောင်သိန်းနှင့်ထပ်တူ အတိုင်းမသိ များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုအပေါ်တွင်သာမက သာသနာအကျိုး သယ်ပိုးရာတွင်လည်း တာဝန်ကျေခဲ့သော ဖေဖေနှင့်မေမေ မိသားစုနှင့်အတူ ယခုထက်ပို၍ သာသနာအကျိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သား - ကိုခိုင်ဇော်မင်း(ရတနာအောင်ဇမ္ဗူကျောက်မျက်ရောင်းဝယ်ရေး)**

**ချစ်သမီး - မသန္တာဆွေ(မိုးစက်နှင်းပိုးထည်)**

## ကလေးမြို့၊ အထက(၃)စိန်မေရီကျောင်း (၈)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအားပူဇော်ပွဲ ဆုတောင်းပွဲနှင့်ပြန်လည်တွေ့ဆုံပွဲဖိတ်ကြားလွှာ

အထက(၃) စိန်မေရီကျောင်း၏ (၈)ကြိမ်မြောက် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ပွဲ၊ ဆုတောင်းပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၃-၁-၂၀၁၆ရက်(စနေနေ့)တွင် အထက(၃)စိန်မေရီကျောင်း ရွှေရတုခန်းမဆောင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အငြိမ်းစားယူပြီးသော ဆရာ၊ ဆရာမကြီးများအား (ဖိတ်စာရောက်ရှိသည်ဖြစ်စေ၊ မရောက်ရှိသည်ဖြစ်စေ) အပူဇော်ကန်တော့ခံ တက်ရောက်ပေးပါရန်နှင့် ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း တက်ရောက်ဂါရဝပြုပူဇော်ကြပါရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ ခင်မင်လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

**အလှူငွေထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

- ဒေါ်အေးအေးချို(ကျောင်းအုပ်ဆရာမကြီး)-၀၉-၂၅၆၁၅၇၁၄၇၊ ၀၉-၄၀၀၄၂၁၉၆၃
- (ရန်ကုန်) ဆရာဦးလွယ် -၀၉-၇၉၅၈၁၁၆၂၂
- (မန္တလေး) ကိုအောင်ဇော်မိုး -၀၉-၂၀၁၆၄၇၇၊ ၀၂-၈၁၁၆၆
- (ကလေး) ကိုမောင်မောင်အေး(ကိုအဲ)ရှန်ဟိုင်း -၀၉-၄၇၀၇၃၂၅၃
- မစုစုရည်(နှင်းသက်သက်ဝေ)၀၇၃-၂၁၈၂၈၊ ကိုညီညီလင်း(Linnet) ၀၉-၄၀၀၄၇၃၀၇၄

## လူ့ဘဝသည်ချမ်းသာနည်း၍ ဘေးဒုက္ခပေါ်များလှသည်

စိတ်ကြိုက်၊ ဆုရ ဆောင်းပါးများစာအုပ်ထွက်ပါပြီ။

ဒေါက်တာခင်မောင်ညွန့်(လပြည့်ဝန်း)စီစဉ်သည်။

တစ်အုပ်- ၁၀၀၀ကျပ်

မန္တလေးနဂါးစာပေ၊ ထွန်းဦးစာပေ၊ စိတ်ကူးချိုချို ညိုစာပေ

စသည့်စာအုပ်ဆိုင်ကြီးများတွင် ရရှိနိုင်ပါသည်။

ဖုန်း-၀၉-၆၈၀၃၈၅၂၊ ၀၉-၂၅၈၈၇၃၈၅၂

## (၃၆)ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်ညီလာခံကျင်းပမည်

(၃၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်ညီလာခံကို ၂၆-၁-၂၀၁၆နေ့မှ၃၀-၁-၂၀၁၆နေ့အထိ ရန်ကုန်မြို့ သွားဖက်ဆိုင်ရာဆေးတက္ကသိုလ်တွင် ကျင်းပပြုလုပ်မည် ဖြစ်သည်။

ညီလာခံနှင့်အတူ ၂၆-၁-၂၀၁၆(အင်္ဂါနေ့) နံနက် ၉ နာရီတွင် (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ၂၀၁၅ခုနှစ်ဒီဇင်ဘာ(၃၁)ရက်နေ့တွင် အသက်(၆၇)နှစ်ပြည့်ပြီးဖြစ်သော သက်ကြီးသွားနှင့်ခံတွင်းဆရာဝန်ကြီးများသည် ၁၉-၁-၂၀၁၆နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လူကိုယ်တိုင် တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ဒေါက်တာစိန်ရွှေ | ဖုန်း-၀၉-၅၀၀၇၅၀၃ |
